မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်၊ ၂၀၀၅ ခုနှစ်၊ မတ် ၁၂ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၂)၊ အမှတ် (၁၆၄)

ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း

ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းမှာ ရွှေကျင်ချောင်းပေါ်၌ တည်ဆောက် အကောင်အထည်ဖော်နေခြင်းဖြစ်ပြီး ၁၈၈ဒသမ၇၅ မဂ္ဂါဝပ် ထုတ်လုပ်နိုင်သည့် စက်လေးလုံးတပ်ဆင်၍ လျှပ်စစ်ဓာတ်အား ၇၅မဂ္ဂါဝပ် ထုတ်ယူနိုင်မည့် စီမံကိန်းဖြစ်သည်။

ပြည်ထောင်စုကြီး နယ်မြေဒေသအသီးသီးဖြန့်ကြက်ပြီး ဖွံ့ဖြိုးရေးအခြေခံများထူထောင်ပေးနေ ဒေသခံပြည်သူများကလည်း နိုင်ငံတော်ကထားရှိသည့်စေတနာအတိုင်း ဒေသဖွံ့ဖြိုးရေးဖိဖိစီးစီးအားထုတ် သမားရိုးကျလယ်ယာထွက်ကုန်အပြင် အမယ်သစ်ထုတ်ကုန်တိုးချဲ့ထုတ်လုပ်မှ လူနေမှုအဆင့်မြင့်မားမည် ပြည်တွင်းပြည်ပဈေးကွက်ရ ရော်ဘာကို မိမိအကျိုးဒေသအကျိုးနိုင်ငံတော်အကျိုးအတွက် စိုက်ပျိုး

ရန်ကုန် မတ် ၁၂

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်ဒုတိယဗိုလ်ချုပ်ကြီး

တင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ မတ် ၁၁ရက် နံနက် ၁၀နာရီ ၁၅မိနစ်တွင် ရန်ကုန်မြို့မှ ပဲခူးတိုင်း ရွှေကျင်မြို့ အရှေ့မြောက်ဘက် ခြောက်မိုင်ခန့်အကွာရှိ ကျောက်နဂါးကျေးရွာအနီး၌ တည်ဆောက်လျက်ရှိသည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာန၏ ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းသို့ ရဟတ်ယာဉ်ဖြင့်ရောက်ရှိသည်။ **ကျောဖုံးသို့** ❐

ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ပဲခူးတိုင်း ရွှေကျင်မြို့ ကျောက်နဂါးကျေးရွာအနီး၌ တည်ဆောက်နေသော ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ပွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော် (၂၀၀၅ ခုနှစ်၊ မတ်လ ၁၃ ရက်)

အမျိုးသားညီလာခံကြီးအောင်မြင်စွာကျင်းပနိုင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ထောက်ခံအားပေးမှုရရှိ

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် အနာဂတ်နိုင်ငံတော်သစ်ကြီးကို တိကျခိုင်မာစွာ ပုံဖော်ထုဆစ်နိုင်ရန်အတွက် အမျိုးသားရေးလုပ်ငန်းစဉ်များကို စနစ်တကျ တစ်ဆင့်ချင်းချမှတ်ပြီး ကြိုးပမ်းအကောင်အထည်ဖော်လျက် ရှိသည်။ ချမှတ်ထားသော အမျိုးသားရေးမျှော်မှန်းချက်များနှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်ကာ ပထမဆုံးအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို ၂၀၀၅ခုနှစ် ဖေဖော်ဝါရီလ၁၇ရက်နေ့မှ စပြီး အောင်အောင်မြင်မြင် ပြန်လည်ကျင်းပလျက်ရှိသည်။

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ်လ၁၁ရက်နေ့က ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း အနော်ရထာရိပ်သာရှိ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင်–

"အစုအဖွဲ့အသီးသီးမှ ညီလာခံကိုယ်စားလှယ်များအနေဖြင့်လည်း စည်းကမ်းရှိရှိ တာဝန်သိသိ တက်ညီလက်ညီ ပါဝင်ပူးပေါင်းဆောင်ရွက်ခဲ့ကြသဖြင့် ဆွေးနွေးညှိနှိုင်း ဆုံးဖြတ်ရမည့်ကိစ္စများကို အရှိန်အဟုန်ကောင်းကောင်းဖြင့် ဆောင်ရွက်လာနိုင်ခဲ့ကြရာ ယခုဆိုလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းတွင် အခြေခံရမည့် အသေးစိတ်အခြေခံမူများကို အောင်အောင်မြင်မြင်ဖြင့် ချမှတ်နိုင်ခဲ့ကြပြီးဖြစ်ကြောင်း"

ပြောကြားသွားသည်။

အခြေခံဥပဒေရေးဆွဲရာ၌ နိုင်ငံတစ်နိုင်ငံ၏ အဓိကအကျဆုံးဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတည်းဟူသော ခက်မသုံးဖြာတွင် ဥပဒေပြုရေးကဏ္ဍသည် နက်နဲကျယ်ဝန်းပေသည်။

သို့သော်လည်း တက်ရောက်ဆွေးနွေးအကြံပြုရေးဆွဲကြသည့် ကိုယ်စားလှယ်တော်ကြီးများက ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲများကို ဖယ်ရှားကာ ပြည်ထောင်စုမြန်မာနိုင်ငံတော် တည်းဟူသော နိုင်ငံတော်အလံတော်အောက်တွင် တူညီသည့်ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပါဝင်ပူးပေါင်း ညှိနှိုင်းဆွေးနွေးအကြံပေးခဲ့ကြသည့်အတွက် ဥပဒေပြုရေးအပိုင်း၌ အခက်အခဲမရှိဘဲ အသေးစိတ်အခြေခံရမည့်မူများကို အောင်အောင်မြင်မြင်ဖြင့် ချမှတ်နိုင်ခဲ့ပေသည်။

ဆက်လက်၍ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍတို့အတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ စုစည်းတင်ပြချက်များကို ညီလာခံကိုယ်စားလှယ်ကြီးများ လွယ်လင့်တကူ စဉ်းစားဆုံးဖြတ်နိုင်ရန်အတွက် ချမှတ်ပေးထားပြီးဖြစ်သည်။

ကိုယ်စားလှယ်တော်ကြီးများ လွယ်လင့်တကူ အခက်အခဲမရှိ စဉ်းစားဆုံးဖြတ်နိုင်ရန်အတွက် မိမိတို့နိုင်ငံတွင် ရှိခဲ့ဖူးသည့် ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဒီမိုကရေစီ ကျင့်သုံးသော အနောက်နိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတို့ကို လုပ်ငန်းကော်မတီက အချိန်ယူလေ့လာပြီး နိုင်ငံအခြေအနေ၊ ယဉ်ကျေးမှုဓလေ့စရိုက်များနှင့် ကိုက်ညီသည့် ကောင်းမွန်သင့်လျော်သော အချက်များကို ရွေးချယ်ထုတ်နုတ် စုစည်းတင်ပြထားကြောင်း သိရသည်။

ယင်းအခြေအနေ အချိန်အခါတွင် အမျိုးသားညီလာခံကြီးနှင့် ပတ်သက်၍ ပြည်တွင်း၊ ပြည်ပမှ အဆိုးမြင် ဝါဒီများက စွပ်စွဲပုတ်ခတ် လုပ်ကြံဖန်တီးပြီး အခြေအမြစ်မရှိသည့် သတင်းများ၊ အဖျက်အမှောင့် လုပ်ရပ်များကို တွင်တွင်လုပ်ဆောင်လျက်ရှိသည်။ ယင်းတို့ကို ဂရုမမူ၊ အလေးမထားဘဲ နိုင်ငံတော်၏ရှေ့ရေးအတွက် စေတနာထားပြီး သမိုင်းတွင်ရစ်မည့် ကြိုးပမ်းဆောင်ရွက်ချက်များကို အားသွန်ခွန်စိုက် မတွန့်မဆုတ် လုပ်ဆောင်သွားကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ အနာဂတ်ဒီမိုကရေစီနိုင်ငံတော်ကြီးပေါ်ထွန်းလာရေးအတွက် အခြေခံမူများချမှတ် ဆောင်ရွက်လျက်ရှိရာတွင် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး၏ ထောက်ခံအားပေးမှုနှင့်အတူ ညီလာခံကိုယ်စားလှယ်တော်ကြီးများ၏ တက်ညီလက်ညီ ပါဝင်ပူးပေါင်းဆောင်ရွက်မှုဖြင့် အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပနိုင်မည်ဟု ယုံကြည်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမိုတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဘင်းမ်စတက်ကုန်သွယ်ရေး ညှိနှိုင်းမှုကော်မတီ ခတ္တမန္ဒူတွင် ဆွေးနွေးပွဲ စတင်ကျင်းပ

ခတ္တမန္ဒူ မတ် ၁၀

ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မြန်မာ၊ သီရိလင်္ကာနှင့် ထိုင်းစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (ဘင်းမ်စတက်)၏ ကုန်သွယ်ရေးညှိနှိုင်း ဆွေးနွေးမှုကော်မတီ၏ တရားဝင်အစည်းအဝေးကို ခတ္တမန္ဒူတွင် အင်္ဂါနေ့က ကျင်းပခဲ့သည်။

နီပေါနိုင်ငံတွင် ပထမဆုံးအကြိမ် ကျင်းပသည့် အဆိုပါသုံးရက်ကြာ ဆွေးနွေးပွဲသည် လွတ်လပ်သော ကုန်သွယ်ရေးဒေသ (အက်ဖ်တီအေ)သဘောတူ စာချုပ်ကို အပြီးသတ် ဖွယ်ရှိကြောင်း နီပေါစက်မှု၊ ကုန်သွယ်မှုနှင့် ထောက်ပံ့ရေးဝန်ကြီးဌာန အရာရှိတစ်ဦးက သတင်းထောက်များအား ပြောကြားသည်။

အဆိုပါ အက်ဖ်တီအေ သဘောတူစာချုပ်အပြီးသတ်ရေး ကော်မတီသည် သဘောတူမှုအစိတ်အပိုင်းသုံးခုအနက် တစ်ခုဖြစ်သော ကုန်ပစ္စည်း ကုန်သွယ်ရေးအတွက် ပြဋ္ဌာန်းချက်များကို ပထမဆုံးသတ်မှတ်ပေးမည်ဖြစ်ကြောင်း အဆိုပါအရာရှိက ပြောကြားသည်။ ဝန်ဆောင်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၌ ကုန်သွယ်ရေးသည် သဘောတူစာချုပ်၏ အခြားအစိတ်အပိုင်းနှစ်ရပ်ဖြစ်ကြောင်း၊ဘင်းမ်စတက်အဖွဲ့ဝင်များသည် ၂၀၀၄ခုနှစ် ဖေဖော် ဝါရီလ၌ သဘောတူချက်၏ ပဏာမအခြေခံမူဘောင်ကို သတ်မှတ်ပြဋ္ဌာန်းခဲ့ကြောင်း ၎င်းက ပြောကြားသည်။

ယင်းတွေ့ဆုံဆွေးနွေးပွဲတွင် အက်ဖ်တီအေ၏ အခွန်အကောက်နှင့် အကောက်ခွန်ဆိုင်ရာကိစ္စများ၌ အခွန်အကောက်လျှော့ပေါ့ပေးမှု အစီအစဉ်မှ စက်မှုနှင့်ထုတ်ကုန်များ ကင်းလွတ်ခွင့်ပေးမည့် စာရင်းကဲ့သို့ အခြားကိစ္စရပ်များကိုလည်း ဆွေးနွေးကြမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။ ၁၉၉၇ ခုနှစ်တွင် ထူထောင်ခဲ့သည့် ဘင်းမ်စတက်တွင် ယခုအခါဘင်္ဂလားပင်လယ်အော်ဝန်းကျင်တွင်ရှိကြသည့် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ၊ ထိုင်း၊ မြန်မာ၊ နီပေါနှင့် ဘူတန်အပါအဝင် အဖွဲ့ဝင်ခုနစ်နိုင်ငံ ရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကမ္ဘာ့ကားဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ရန် ပရိုတွန်နှင့်ပီရိုဂျူအာ ကုမ္ပဏီနှစ်ခု စီးပွားရေးပူးပေါင်းမည်

ကွာလာလမ်ပူ မတ် ၁၀

မလေးရှားနိုင်ငံ၏ ထိပ်တန်း ကားထုတ်လုပ်သည့် ကုမ္ပဏီနှစ်ခုဖြစ်သော ပရိုတွန်နှင့် ပီရိုဂျူအာတို့အား ကမ္ဘာ့ကားဈေးကွက်များသို့ ထိုးဖောက်ဝင်ရောက်ပြီး နိုင်ငံခြား ယှဉ်ပြိုင်မှုကို ရှင်သန်စေရန်အတွက် စီးပွားရေးအတိုင်းအတာပမာဏကို ပူးပေါင်းသွားကြရန် တိုက်တွန်းထားကြောင်း ပီရိုဂျူအာ ကားရောင်းချရေးအသင်းက အင်္ဂါနေ့၌ ပြောကြားလိုက်သည်။

ယင်းသို့ စီးပွားရေးအတိုင်းအတာ ပမာဏပူးပေါင်းခြင်းသည် ထုတ်လုပ်မှုစွမ်းရည်ကို ခိုင်မာတောင့်တင်းစေပြီး ယှဉ်ပြိုင်မှုကို တိုးမြှင့်စေမည့်ပြင် နိုင်ငံခြားကားထုတ်လုပ်သူများ၏ ကြောက်ခမန်းလိလိ ယှဉ်ပြိုင်မှုကြောင့် အရောင်းဖြည်းဖြည်းချင်း ဆုတ်ယုတ်လာချိန်တွင် အခြေအနေကို ပြောင်းပြန်ဖြစ်သွားစေနိုင်ကြောင်း ပီရိုဂျူအာက ပြောကြားသည်။

အထောက်အကူ

အရှေ့တောင်အာရှ နိုင်ငံများအသင်း(အာဆီယံ)၏ လွတ်လပ်သော ကုန်သွယ်ရေးဒေသ(အက်ဖ်တာ) သဘောတူချက်အရ နိုင်ငံ၏ကားဈေးကွက် ဖြည်းဖြည်းချင်း လွတ်လပ်မှုရှိလာချိန်တွင် တစ်ခုတည်းသော နိုင်ငံ၏ ကားထုတ်လုပ်သည့် ကုမ္ပဏီကိုသာ မလေးရှားနိုင်ငံက အထောက်အကူပေးနိုင်ကြောင်း နှစ်ရက်ကြာ ကားလုပ်ငန်းဆိုင်ရာ ညီလာခံသို့ တင်သွင်းသည့်စာတမ်း၌ အဆိုပါ အုပ်စုက ပြောကြားထားသည်။

အစိုးရအနေဖြင့် တရားဝင် ပေါင်းစည်းရေးအတွက် ယင်းကား ကုမ္ပဏီနှစ်ခုအား ဆွဲဆောင်မှုများ ပေးဖို့စဉ်းစားသင့်ကြောင်း ပီရိုဂျူအာ ကားရောင်းချရေးအသင်းက ပြောကြားသည်။

လုပ်ငန်းစတင်

ပရိုတွန်ကားထုတ်လုပ်သည့် ကုမ္ပဏီကို ၁၉၈၃ခုနှစ်၌ ထူထောင်ခဲ့ပြီး ပီရိုဂျူအာ ကုမ္ပဏီသည် ၁၉၉၅ခုနှစ်၌ လုပ်ငန်းစတင်ခဲ့သည်။

ခွဲတမ်း

ပရိုဂျူအာ၏ကားဈေးကွက်ခွဲ တမ်းသည် ၂၀၀၃ ခုနှစ်၌ ၃၅ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၄ခုနှစ်၌ ၃၀ရာခိုင်နှုန်းသို့ကျခဲ့ပြီး ပရိုတွန်က ၄၈ရာခိုင်နှုန်းမှ ၄၄ရာခိုင်နှုန်းသို့ ကျခဲ့သည်။

အက်ဖ်တာသဘောတူချက်အရ ဇန်နဝါရီလ ၁ရက်၌ မလေးရှားနိုင်ငံသည် အာဆီယံကားများအပေါ် သွင်းကုန်ခွန် ၂၀ရာခိုင်နှုန်း လျှော့ချပေးခဲ့သည်။ **(အင်တာနက်)**

ဈေးကွက်စီးပွားရေးစနစ် လမ်းကြောင်းမှန်အတိုင်းပုံဖော်ရန် လုပ်ငန်းရှင်များ၏အခန်းကဏ္ဍ အရေးပါ နိုင်ငံခြားမှသွင်းကုန်ပစ္စည်းများအပေါ် မှီခိုလုပ်ဆောင်တတ်သည့် အလေ့အကျင့်များလျှော့ပေါ့ သွင်းကုန်အစားထိုးလုပ်ငန်းများတိုးချဲ့ပြီး ပို့ကုန်ပမာဏတိုးတက်ရေး တီထွင်ကြံဆအလေးပေး

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (၁၄)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် မတ် ၁၂

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (၁၄)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC)၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှတာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေ အတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အလုပ်အမှုဆောင်များ၊ အသင်းချုပ်အောက်ရှိ ပြည်နယ်နှင့်တိုင်း ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းများ၊ နယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်းများ၊ ကုန်ပစ္စည်းအလိုက်၊ လုပ်ငန်းအလိုက်အသင်းများမှ ကိုယ်စားလှယ်များ၊ ကုမ္ပဏီလီမိတက်များမှ ကိုယ်စားလှယ်များနှင့်အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် မွန်းလွဲ၁နာရီတွင် မြန်မာကွန်ဗင်းရှင်းစင်တာသို့ ရောက်ရှိလာရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များက ကြိုဆိုကြသည်။

ပြန်လည်ဖွဲ့စည်းခဲ့

ယင်းနောက် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (၁၄)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကို စတင်ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် မိမိတို့ အသင်းသည် ၁၉၈၉ ခုနှစ် ဇန်နဝါရီ ၆ရက်တွင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း(UMCCI) ဆိုသည့် အမည်ဖြင့် ပုဂ္ဂလိက စီးပွားရေးကဏ္ဍ၏ ဦးဆောင်အသင်းကြီး အဖြစ် ပြန်လည်ရှင်သန် ဖွဲ့စည်းခဲ့ပြီးသည့်နောက် ၁၉၉၉ ခုနှစ် ဧပြီ ၁ရက်တွင် မြန်မာနိုင်ငံရှိ ကုန်သည်များ၊စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် အခြားစီးပွားရေးလုပ်ငန်းရှင်များကို ဦးဆောင်ပြီး ရည်ရွယ်ချက် ၁၁ ချက်ဖြင့် လုပ်ငန်းတာဝန် အချက် ၂၀ ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လက်ရှိ UMCCI အသင်းကြီးကို အသင်းချုပ်အဖြစ် အဆင့်မြှင့်ပြီး "ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်"(Union of Myanmar Federation of Chambers of Commerce and Industry- UMFCCI) ဆိုသည့် အမည်ဖြင့် ပြန်လည် ဖွဲ့စည်းခဲ့ပါကြောင်း။

ယခုအခါ နိုင်ငံတော်ကဈေးကွက် စီးပွားရေးစနစ်ကို ကျင့်သုံးခဲ့သည်မှာ ၁၆နှစ်ကျော်ကာလကို ရောက်ရှိလာပြီဖြစ်သည့်အတွက် နိုင်ငံတော်၏ အားပေးချီးမြှောက် ကူညီပံ့ပိုးမှုများကို အခြေပြုပြီး ပုဂ္ဂလိက စီးပွားရေးကဏ္ဍသည်လည်း တိုးတက်ဖွံ့ဖြိုးနေပြီဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ GDP တန်ဖိုးအပေါ် နိုင်ငံပိုင်၊ သမဝါယမပိုင်နှင့် ပုဂ္ဂလိကပိုင် လုပ်ငန်းများ၏ ပါဝင်ဆောင်ရွက်မှု အခြေအနေကို လေ့လာကြည့်မည်ဆိုလျှင်လည်း ပုဂ္ဂလိကနှင့် သမဝါယမကဏ္ဍက ၉၀ ရာခိုင်နှုန်းအထိ တိုးတက်ပါဝင်လာသည်ကို တွေ့ရှိရမည် ဖြစ်ပါကြောင်း။

ဝမ်းမြောက်ဖွယ်တွေ့ရ

ပုဂ္ဂလိက ကဏ္ဍသည် ပို့ကုန်ရောသွင်းကုန်လုပ်ငန်း၌ပါ အဓိက အရေးပါသောအပိုင်းက ပါဝင်ဆောင်ရွက်နေပြီဆိုသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ဤနေရာတွင် အထူးခြားဆုံးအချက်တစ်ချက် တွေ့ရှိရသည်မှာ မိမိတို့ မြန်မာနိုင်ငံ၏ ပို့ကုန်တန်ဖိုးသည် လွန်ခဲ့သော ငါးနှစ်ကထက် နှစ်ဆကျော်ခန့် တိုးလာပြီး နှစ်စဉ် ဖြစ်ပေါ်နေကျ ကုန်သွယ်မှုလိုငွေ (Trade Deficit)ကိုလည်းတစ်နှစ်ပြီးတစ်နှစ် လျှော့ချ လာနိုင်ခဲ့သည့် အတွက် ၂၀၀၂-၂၀၀၃ ခုနှစ်ကစပြီး ကုန်သွယ်မှု ပိုငွေ (Trade Surplus) နှစ်စဉ် ဆက်တိုက်ပြနေသည်ကို ဝမ်းမြောက်ဖွယ်ရာ တွေ့နေရပြီ ဖြစ်ပါကြောင်း။

သို့သော်လည်း မိမိတို့၏ ပြည်ပပို့ကုန်ပစ္စည်းများအနေဖြင့် ဈေးနှုန်းနည်းပါးသည့် ကုန်ကြမ်းနှင့် တစ်ဝက်တစ်ပျက် ကုန်ချောများသာ တင်ပို့နိုင်သေးသည့်အတွက် ဈေးနှုန်းကောင်းသော အဆင့်မီ စက်မှုကုန်ချောများ ထုတ်လုပ်တင်ပို့ရန် ဆက်လက်ကြိုးပမ်းကြရဦးမည်ဖြစ်ပါကြောင်း၊ မိမိတို့ ပုဂ္ဂလိက စီးပွားရေး လုပ်ငန်းရှင်များ အနေဖြင့် ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရန်နှင့် သွင်းကုန် အစားထိုး ကုန်ထုတ်လုပ်ငန်းများ တိုးပွားလာအောင် ပိုမိုကြိုးပမ်းခြင်းအားဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်အောင် ဆက်လက်ပြီး အားကြိုးမာန်တက် ကြိုးပမ်း ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

တက်ကြွစွာဆောင်ရွက်

မိမိတို့ UMFCCI အသင်းချုပ်သည် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတော်မူဝါဒများ၊ စည်းမျဉ်းစည်းကမ်းများကို စနစ်တကျသိရှိနားလည် လိုက်နာဆောင်ရွက်နိုင်အောင် ပညာပေးစည်းရုံး ထိန်းကျောင်းမှုများ ပြုလုပ်ပေးနေပါကြောင်း၊ တစ်ချိန်တည်းမှာပင် စီးပွားရေးနှင့်ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုအဆင်ပြေတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်စေမည့် နည်းလမ်းများကို လေ့လာသုံးသပ်ပြီး သက်ဆိုင်ရာအဖွဲ့အစည်းများထံကို အကြံပြုတင်ပြပေးခြင်းအားဖြင့် နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များအကြားတွင် ပေါင်းကူးသဖွယ် တက်ကြွစွာဆောင်ရွက်ပေးနေပါကြောင်း။

မိမိတို့အသင်းချုပ်အနေဖြင့် ပြီးခဲ့သည့်နှစ်အတွင်းက ရရှိခဲ့သည့် အောင်မြင်မှုများကို ဆက်လက်ထိန်းသိမ်းပြီး အောင်မြင်မှုများ ပိုမိုရရှိလာအောင် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်၌ ဈေးကွက်စီးပွားရေးစနစ် ပီပီပြင်ပြင် ဖြစ်ပေါ်လာသည်နှင့်အမျှ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များကို ကျယ်ကျယ်ပြန့်ပြန့် စုစည်း စည်းရုံးထားနိုင်သည့် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)၏ အခန်းကဏ္ဍသည် ပို၍ အရေးပါလာပြီဖြစ်ကြောင်း၊ အသင်းချုပ်အဖြစ် ပြောင်းလဲလှုပ်ရှား ဆောင်ရွက်သည်မှာလည်း ယခုဆိုလျှင် သက်တမ်းခြောက်နှစ်ရှိပြီဖြစ်၍ လုပ်ငန်း အတွေ့အကြုံသည်လည်း အတော်ရင့်ကျက်လာနေပြီဖြစ်ကြောင်း။

အသင်းချုပ်သည် နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအကြား လိုအပ်သည့် ညှိနှိုင်းပေါင်းကူး ဆက်စပ်ပေးမှုများကို ဆောင်ရွက်ပေးနေသကဲ့သို့ နိုင်ငံခြားစီးပွားရေး အဖွဲ့အစည်းများနှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များအကြား စီးပွားရေးဆက်သွယ်မှု ခိုင်မြဲအောင်၊ ပြေလည်အောင်အတတ်နိုင်ဆုံး ဆက်စပ်ညှိနှိုင်းဆောင်ရွက်ပေးနေသည်ကိုလည်း မြင်တွေ့နေရကြောင်း၊ထို့အပြင် ပြည်တွင်းပုဂ္ဂလိက လုပ်ငန်းရှင် အချင်းချင်းအကြား ဆက်ဆံမှုပြေလည်ချောမွေ့အောင်၊ အငြင်းပွားမှုများပေါ်ပေါက်ခဲ့လျှင်လည်း ပြေလည်အောင်စေတနာထားပြီး ကြိုးစားဆောင်ရွက်နိုင်သည်များကိုလည်း တွေ့ရှိနေရကြောင်း။

ထို့အပြင် နိုင်ငံတကာအဆင့်၊ ဒေသအဆင့် အစည်းအဝေးများနှင့် ဆွေးနွေးပွဲများကို အသင်းချုပ်အနေဖြင့် တာဝန်ယူပြီး တက်တက်ကြွကြွ ဦးစီးတာဝန်ယူ ကျင်းပနိုင်စွမ်းရှိကြောင်း၊ အခြားနိုင်ငံများ၌ကျင်းပသည့် အစည်းအဝေးများ၊ ဆွေးနွေးပွဲများ၊ သင်တန်းများ၊ ကုန်စည် ပြပွဲများကိုလည်း ပါဝင်တက်ရောက်နေသည့်အတွက် တစ်ဖက်တစ်လမ်းမှ နိုင်ငံတော်၏

စာမျက်နှာ ၄ ကော်လံ ၁ သို့

စီးပွားရေးတိုးတက်ဖြစ်ထွန်းမှု အခြေခံကောင်းများရရှိ

- နိုင်ငံတော်အစိုးရ၏ စီမံလမ်းညွှန်ပေးမှုအောက်တွင် ပုဂ္ဂလိကကဏ္ဍ၏ ကြိုးစားအားထုတ်မှုဖြင့် ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ ကုန်သွယ်မှုတိုးတက်ရေး၊ ငွေကြေးဖောင်းပွမှုလျှော့နည်းရေး၊ ကုန်သွယ်မှု ပိုငွေဖြစ်ပေါ်ရေးနှင့် ကုန်သွယ်မှုပမာဏ တိုးတက်ရေးတို့အတွက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ခဲ့သဖြင့် စီးပွားရေးတိုးတက်ဖြစ်ထွန်းမှု အခြေခံကောင်းများရရှိနေပြီဖြစ်။

စာမျက်နှာ ၃ မှ

အမျိုးသားရေး ဂုဏ်သိက္ခာကို မြင့်တင်နိုင်ပြီး အသင်းချုပ်ကြီး၏ လုပ်ရည်ကိုင်ရည်သည်လည်း တစ်နေ့တခြား တိုးတက်လာနေခြင်း ဖြစ်ကြောင်း၊ အပြည်ပြည်ဆိုင်ရာ ကုန်သည်များအသင်း(ICC)၊ အာဆီယံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (ASEAN-CCI)၊ မဟာမဲခေါင်ဒေသခွဲ စီးပွားရေးအဖွဲ့ (GMS-BF), CLMT-ECSစသည့် နိုင်ငံတကာစီးပွားရေး အဖွဲ့အစည်းအသီးသီး၌ ပူးပေါင်းပါဝင် လက်တွဲဆောင်ရွက်နေရသည့်အတွက် အသင်းချုပ်၏ နိုင်ငံတကာ အတွေ့အကြုံများသည် အတိုင်းအတာ တစ်ရပ်အထိ ရင့်ကျက်လာနေပြီဖြစ်သကဲ့သို့ ဒေသအတွင်း၌လည်း ထိုက်သင့်သည့် ဦးဆောင်မှုများကို သိက္ခာရှိရှိ ပေးနိုင်စွမ်းရှိလာပြီဖြစ်ကြောင်း။

ယနေ့နိုင်ငံတော်၏ အမျိုးသားစီးပွားရေးတန်ဖိုးပမာဏ (GDP)မှာ ပုဂ္ဂလိကနှင့် သမဝါယမကဏ္ဍတို့၏ ပါဝင်မှုအချိုးအစားကို ကြည့်လျှင် ၉၀

ပုဂ္ဂလိကများအနေဖြင့် လယ်မြေသစ်၊ ယာမြေသစ် ဖော်ထုတ်စိုက်ပျိုးပြီး ရရှိသည့် ဆန်စပါး၊ ဝါ၊ ကြံစသော လယ်ယာသီးနှံများနှင့် မီးဖိုချောင် သီးနှံများကို ပြည်ပတင်ပို့ခွင့်ပြုနေပြီဖြစ်ပြီး အလားတူ ရော်ဘာ၊ အစေ့ထုတ်ပြောင်းတို့ကိုလည်း ပြည်ပကို တိုးချဲ့တင်ပို့ခွင့်ပေးနေကြောင်း၊ ဤနှစ်တွင်ဆိုလျှင် ပုဂ္ဂလိက ရော်ဘာတင်ပို့မှုသည် သိသိသာသာ တိုးတက်လာနေပြီဖြစ်ကြောင်း။

တိုက်တွန်းပြောကြား

မြေယာတစ်အုပ်တစ်မဖော်ထုတ်၍ ပို့ကုန်သီးနှံ စိုက်ပျိုးထုတ်လုပ်တင်ပို့ရေး၊ တစ်ဆက်တည်းတွင် Agro-based Industryထူထောင် ကုန်ချောဖြန့်ဖြူးတင်ပို့ရေးတို့ကို ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ "အမယ်သစ် ပို့ကုန်များ ရှာဖွေတိုးချဲ့တင်ပို့ခြင်းနှင့် ဈေးကွက်သစ်များရှာဖွေချဲ့ထွင်ခြင်း" ဆောင်ရွက်ရာတွင် ရော်ဘာ၊ ငရုတ်ကောင်း၊ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်များ တင်ပို့နိုင်ရေးလေ့လာရှာဖွေချဲ့ထွင်ခြင်း၊ ပို့ကုန်ပမာဏ

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (၁၄)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးတွင် အသင်းဝင်ကုမ္ပဏီများ ခင်းကျင်းပြသထားသော မြန်မာ့ထွက်ကုန်ပစ္စည်းပြခန်းများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်၏ရှေ့ရေး၊ ပြည်သူများ၏ရှေ့ရေးကို ထည့်သွင်းစဉ်းစားဆောင်ရွက်ရန်လိုအပ် ဥပဒေစည်းမျဉ်းများနှင့်အညီ ဦးတည်ချက်ရှိရှိ စီးပွားရေးလုပ်ငန်းများ ကြိုးပမ်းလုပ်ကိုင်

ရာခိုင်နှုန်းခန့်အထိမြင့်မြင့်မားမားပါဝင်နေသည်ကိုတွေ့မြင်ရမည်ဖြစ်ကြောင်း။

ပုဂ္ဂလိကရောင်းဝယ်မှုကျယ်ပြန့်

ကုန်သွယ်မှုကဏ္ဍ၌ဆိုလျှင်ပုဂ္ဂလိကပိုင် ကုန်သွယ်မှုအနေအထားသည် ၉၁ ရာခိုင်နှုန်းကျော်အထိ တိုးတက်လျက်ရှိကြောင်း၊ ယခုဆိုလျှင် နိုင်ငံတော်အဖွဲ့အစည်းများက ဆန်စပါး၊ ဝါ၊ ကြံနှင့် ရော်ဘာစသည့် လယ်ယာထွက်ကုန်သီးနှံများကို ဝယ်ယူရောင်းချခြင်း မပြုတော့သည့်အတွက် ပုဂ္ဂလိကရောင်းဝယ်မှုပမာဏသည်ပိုမိုလွတ်လပ်စွာ ကျယ်ပြန့်လာနေပြီဖြစ်ကြောင်း။

ခြုံလိုက်လျှင် နိုင်ငံတော်၏ GDP တွင်ရော ကုန်ထုတ်လုပ်မှု ကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍစသည့် စီးပွားရေးကဏ္ဍ တစ်ခုချင်း၌ပါ ပုဂ္ဂလိကပိုင်ဆိုင်မှုအခန်းသည် မြင့်မြင့်မားမား တိုးတက် ပါဝင်လျက် ရှိကြောင်း၊ ၁၉၈၈ခုနှစ် မတိုင်မီက တိုင်းရင်းသားလုပ်ငန်းရှင်များအဖြစ် ဖွံ့ဖွံ့ဖြိုးဖြိုးမရှိခဲ့ကြသော်လည်း ယနေ့အခြေအနေတွင် ခေတ်စနစ် ပြောင်းလဲမှုနှင့်အတူ နိုင်ငံတော်အစိုးရ၏ စီးပွားရေးမူဝါဒများအရ တိုင်းရင်းသားလုပ်ငန်းရှင်များသည် လယ်ယာလုပ်ငန်းရှင်များ၊ စက်မှုလုပ်ငန်းရှင်များ၊ ကုန်သွယ်လုပ်ငန်းရှင်များ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ ဘဏ်လုပ်ငန်းရှင်များ၊ ဆောက်လုပ်ရေး လုပ်ငန်းရှင်များ အဖြစ် ရပ်တည်ဖွံ့ဖြိုးလာနေပြီ ဖြစ်ကြောင်း။

ထပ်ဆင့်တိုးတက်လာမည်

ယနေ့အချိန်အခါတွင် တိုင်းပြည်၏ စီးပွားရေးရေရှည်ကြံ့ခိုင်ဖွံ့ဖြိုးရေးကိုမျှော်ပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် ပိုမိုတိုးချဲ့မြှုပ်နှံရန်လိုအပ်နေပြီဖြစ်ကြောင်း၊ လယ်ယာ၊ သားငါး၊ စက်မှု၊ သစ်တော စသည့်ကဏ္ဍအလိုက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာပြီး အခြေခံကုန်ကြမ်းပစ္စည်းများသာမက တန်ဖိုးမြင့် ကုန်ချောပစ္စည်းများ၊ အမယ်သစ် ပို့ကုန်များ ထုတ်လုပ်နိုင်မှ ကုန်သွယ်မှုသည် ပိုမိုဖွံ့ဖြိုးကျယ်ပြန့်လာမည်ဖြစ်ကြောင်း၊ ကုန်သွယ်မှု ဖွံ့ဖြိုးလာသည်နှင့်အမျှ ကုန်ထုတ်လုပ်မှုသည်လည်း ထပ်ဆင့်တိုးတက်လာမည်ဖြစ်ကြောင်း။

အားကောင်းသည့် ပဲမျိုးစုံကို ဈေးကွက်ဝင် မျိုးကောင်းမျိုးသန့်တိုးချဲ့စိုက်ပျိုးရန်၊ တန်ဖိုးမြင့်ထုတ်ကုန် ထုတ်လုပ်ရန်၊ ဈေးကွက်တစ်ခုတည်းကို မှီခိုနေရာမှ အခြားဈေးကွက်ချဲ့ထွင်ရန်၊ သစ်တောထွက်ပစ္စည်းများ အပိုင်း၌ သစ်အခြေခံတန်ဖိုးမြင့် ထုတ်ကုန် သစ်အချောထည်များတိုးချဲ့ထုတ်လုပ်တင်ပို့ရေးကြိုးပမ်းရန်၊ ရေထွက်ပစ္စည်းအပိုင်း၌ ရေချို၊ ရေငန် ရေထွက်ပစ္စည်းများ တိုးတက်ထုတ်လုပ်တင်ပို့ရန်၊ ရေနံချောင်းစက်မှုဇုန်မှ သုံးဘီးဆိုင်ကယ် ပြည်ပတင်ပို့ခြင်း၊ စက်မှုထုတ်ကုန်၊ လျှပ်စစ်ထုတ်ကုန်များ တင်ပို့ခြင်းတို့မှ နိုင်ငံခြားဝင်ငွေရရှိနေပြီဖြစ်ရာ ကွန်ပျူတာလုပ်ငန်းရှင်အသင်းနှင့် စက်မှုကုန်ထုတ်အသင်းတို့မှ ပြည်ပတင်ပို့နိုင်သောပစ္စည်းများကို တိုးချဲ့တီထွင်ထုတ်လုပ်တင်ပို့ရန်၊ အထည်ချုပ်လုပ်ငန်းများ တိုးပွားရေး ကြိုးပမ်းရန်၊ ဆီတင်သွင်းမှု အပါအဝင် သွင်းကုန် အစားထိုးပြည်တွင်း ထုတ်လုပ်မှု တိုးမြှင့်ရေးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ရန်၊ ပြည်တွင်းလိုအပ်ချက် ဆေးဝါးများ စက်ရုံတည်ဆောက်၍ ပြည်တွင်း လုံလောက်အောင်ထုတ်လုပ်ရန်နှင့် ပြည်ပတင်ပို့နိုင်သော ဆေးဝါးများ တိုးမြှင့်ထုတ်လုပ်ရေး ပေါင်းစပ်ညှိနှိုင်းဆွေးနွေးဆောင်ရွက်ရန်၊ ပြည်ပကုန်သွယ်မှု၌ အဓိကကျသည့် ထုပ်ပိုးခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ဆိပ်ကမ်းနှင့် သင်္ဘောတင်ပို့ရေး ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်အောင် သက်ဆိုင်ရာ လုပ်ငန်းရှင် အသင်းများနှင့် UMFCCI တို့ပူးပေါင်း၍ ညှိနှိုင်းဆွေးနွေးပြီး လုပ်သင့်သည်များကို လေ့လာ အကြံပြု တင်ပြဆောင်ရွက်ကြရန်၊ မြန်မာနိုင်ငံ အမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်းကလည်း သမဝါယမဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး ဒေသအလိုက်၊ မြို့နယ်အလိုက် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများတွင် အမျိုးသမီးထုပါဝင်လှုပ်ရှားပြီး အလုပ်အကိုင်လူမှုစီးပွားရေးဘဝ အဆင်ပြေနိုင်ရေးဆောင်ရွက်ကြိုးပမ်းရန် တိုက်တွန်းပြောကြားလိုကြောင်း။

ထို့ကြောင့်နိုင်ငံတော်၏ကုန်ထုတ်လုပ်မှု တိုးတက်ရေးနှင့်ကုန်သွယ်မှု ဖွံ့ဖြိုးရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ လုပ်ရည်ကိုင်ရည်၊မြော်မြင်တွက်ဆမှု၊ ကြိုးစားမှုများသည် အထူးအရေးပါလာပြီ ဖြစ်ကြောင်း။

တက်ကြွစွာအားထုတ်လျက်ရှိ

ဘက်စုံ၊ ကဏ္ဍစုံ ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ ပို့ကုန်အမယ်သစ်များ တိုးချဲ့တင်ပို့ရေး၊ ပို့ကုန်အမယ်ဟောင်းများအတွက် ဈေးကွက်ခိုင်မာရေး၊ ပို့ကုန်အလိုက်ထိုက်တန်သည့် ဈေးနှုန်းရရှိရေး၊ ဈေးကွက် သတင်းအချက်အလက်ပြည့်စုံစွာ ရရှိရေး၊ ပို့ကုန်သွင်းကုန် အချိုးအစားမျှတရေးစသည့် စီးပွားရေးလုပ်ငန်းကိစ္စများကိုပုဂ္ဂလိကအပိုင်းက ကျွမ်းကျွမ်းကျင်ကျင် ပိုင်ပိုင်နိုင်နိုင် ရှေ့ဆောင်ရှေ့ရွက်ပြုနိုင်စွမ်း ရှိကြရမည် ဖြစ်ကြောင်း၊ ယခုအခါတွင် နိုင်ငံတော် အစိုးရအနေဖြင့် ဒေသတွင်းနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု အခြေအနေကောင်းများ ဖြစ်ပေါ်လာရေးအတွက် တက်ကြွစွာ အားထုတ်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည် ၁၉၉၇ခုနှစ် ကစပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံ ဖြစ်လာခဲ့ရာ အာဆီယံအတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ်များတွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး စီးပွားရေး ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်အကြီးအကဲခေါင်းဆောင်များ သဘောတူအတည်ပြုသည့် Hanoi Plan of Action ဘာလီသဘောတူ ကြေညာချက် ဗီယင်ကျန်း လုပ်ငန်းအစီအစဉ်များအရ ဆောင်ရွက်ရာတွင် ပုဂ္ဂလိကအခန်းကဏ္ဍမှ ပူးပေါင်းဆောင်ရွက်ရေးသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း။

အဆိုပါ Bali Concord II ကြေညာချက်တွင် အဓိကအားဖြင့် ASEAN Economic Community အကောင်အထည်ဖော်ရေးကို ရှေးရှုလျက် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ကျယ်ပြန့်လာစေရန် ဆွေးနွေးဖက်နိုင်ငံများနှင့်ပိုမိုပူးပေါင်းဆောင်ရွက်ရေး ရည်မှန်းချက်ကို ချမှတ်ထားကြောင်း။

ASEAN Vision 2020 အရ အာဆီယံဒေသတွင် လွတ်လပ်သော ကုန်စည်ဝန်ဆောင်မှုနှင့် ရင်းနှီးမြှုပ်နှံမှု စီးဆင်းမှုနှင့် ပိုမိုလွတ်လပ်မှုရှိသည့် ငွေအရင်းအနှီးစီးဆင်းမှုများမှတစ်ဆင့် သာတူညီမျှသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေမည်ဟု ညှိနှိုင်းသဘောတူညီခဲ့ကြောင်း။

Vientiane Action Programme (2004-2010) ၏ မဟာဗျူဟာ၌ အာဆီယံဒေသတွင်း ၂၀၁၀ ခုနှစ်တွင် ဦးစားပေးကဏ္ဍများ၌ single market ဖြစ်ပေါ်စေရေးအတွက် ရင်းနှီးမြှုပ်နှံမှုအပါအဝင် အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများ၏ ယှဉ်ပြိုင်မှုစွမ်းအား မြှင့်တင်ရေး၊ အာဆီယံနိုင်ငံများအတွင်းတစ်ခုတည်းသောထုတ်လုပ်မှုအခြေခံနှင့်တစ်ခုတည်းသော ဈေးကွက် ဖြစ်ပေါ်စေရေးကို မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း။

ပြင်ဆင်ထားရန်လို

ယင်းနိုင်ငံတကာစီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များကိုပုဂ္ဂလိကလုပ်ငန်းရှင်များ သိရှိ နားလည်လာစေရန် UMFCCI က ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ ဥပမာ-အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသဖြစ်လာစေရေးအစီအစဉ်အရ မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံ အသီးသီးတို့၏ အကောက်ခွန် လျှော့ချပေးမည့် အစီအစဉ်များ၊ အာဆီယံရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေခံသဘောတူစာချုပ်အရ အာဆီယံဒေသကို ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဆွဲဆောင်မှုရှိသည့် ဒေသဖြစ်လာစေရေးအတွက် ဖြေလျှော့မှုများပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းစွာ သိရှိပြင်ဆင်ထားရန်လိုကြောင်း။

UMFCCI သည် ပုဂ္ဂလိကအဖွဲ့အစည်းအနေဖြင့် ASEAN Business Advisory Council (ASEAN BAC)နှင့် ASEAN Business Forum များတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြရန် လိုကြောင်း။

ဒေသတွင်းနှင့်နိုင်ငံတကာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ကိစ္စများတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတကာအဆင့်မီ ထိုးဖောက်ဝင်ရောက်နိုင်သူများ ဖြစ်လာစေရေးအတွက် နိုင်ငံတော်မှ ရည်မှန်းချက်ရှိကြောင်း။

ပုဂ္ဂလိက ကဏ္ဍဖြင့် အပြည်ပြည်ဆိုင်ရာ စီးပွားရေးနယ်ပယ်တွင် နိုင်ငံတကာ အဆင့်မီ ပါဝင်ထိုးဖောက်နိုင်သော လုပ်ငန်းရှင်များ ဖြစ်လာစေရေးအတွက် UMFCCI က ကြိုးပမ်းဆောင်ရွက်ပေးရန် ဖြစ်ကြောင်း။

မဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်တွင် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ခြောက်နိုင်ငံ ပထမအကြိမ် ထိပ်သီးအစည်းအဝေးကို ၂၀၀၂ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပခဲ့ရာ အဖွဲ့ဝင် Greater Mekong Subregion (GMS) ထိပ်သီးအစည်းအဝေး ကြေညာချက်ကိုလက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ကြောင်း။

မဲခေါင်ဒေသခွဲ ခြောက်နိုင်ငံအတွင်း ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများမှ အပြန်အလှန် အကျိုးဖြစ်ထွန်းမှုရရှိစေမည်ကိုဖော်ညွှန်းသဘောတူခဲ့ကြောင်း။

မြန်မာနိုင်ငံသည် အာဆီယံ၊ GMS, ACMECSနှင့်ဘင်းမ်စတက်စသည့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ အဖွဲ့ဝင်ဖြစ်သည့်အလျောက် ယင်းအဖွဲ့အစည်း အသီးသီးတွင်"မူ"အားဖြင့် သဘောတူညီခဲ့သော ကြေညာချက်များ၊ Plan of Action များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပုဂ္ဂလိက ကဏ္ဍ၏အရေးပါမှု တိုးမြင့်လာကြောင်း။

ဒေသဆိုင်ရာအတွင်း စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လုပ်ကိုင်မှုတွင် ဦးစီးဦးဆောင်ပြုသည့် အခွင့်အလမ်းရရှိနေသည်ကို ဒေသနှင့်နိုင်ငံအတွက် အကျိုးရှိစွာ လုပ်ဆောင်သွားကြရန်ဖြစ်ကြောင်း။

ကမ္ဘာပေါ်တွင် နိုင်ငံအသီးသီးနှင့်ဆက်သွယ်ဆောင်ရွက်မှုများအားလုံးတွင် နိုင်ငံတော်အကျိုးစီးပွားနစ်နာမှု မရှိစေရေးနှင့် အမျိုးသားအကျိုးစီးပွား ဖြစ်ထွန်းမှုကို အဓိက ဦးတည်ဆောင်ရွက်ရန် လိုမည်ဖြစ်ကြောင်း။

စီးပွားရေး လုပ်ငန်းများကို ရှေ့ဆောင်ရှေ့ရွက်ပြုကြမည့် လုပ်ငန်းရှင်များသည် နိုင်ငံတော်၏ အကျိုးနှင့် ပုဂ္ဂလိကတစ်ဦးချင်း၏ အကျိုးကို မျှမျှတတချင့်ချိန်တွက်ဆလုပ်ကိုင်ကြရန်၊ သိက္ခာသမာဓိရှိသည့် လုပ်ငန်းရှင်များအဖြစ် နာမည်ယူကြရန်၊ ရေရှည်တည်တံ့မည့် အကျိုးဖြစ်ထွန်းမှုကို အလေးထားကြရန် အချိန်အခါရောက်နေပြီဖြစ်ကြောင်း၊ ယနေ့ခေတ်သစ်၊ စနစ်သစ်နှင့်အတူ အတွေးသစ်၊ အမြင်သစ်များ မွေးပြီး ရေရှည် တည်တည်တံ့တံ့နှင့်အကျိုးဖြစ်ထွန်းမည့် စီးပွားရေးအလုပ်များကို တီထွင်ကြံဆကြိုးစားလုပ်ကိုင်သွားကြရမည် ဖြစ်ကြောင်း၊ ယင်းသို့ ပြောင်းလဲမှုအခြေအနေနှင့် တာဝန်အပိုင်းကိုလည်း အသင်းချုပ်က မိမိတို့အသင်းဝင်များကို နားလည်အောင်၊ လမ်းကြောင်းမှန်ပေါ် ရပ်တည်နိုင်အောင် နည်းပေးလမ်းပြ စည်းရုံးသွားရမည် ဖြစ်ကြောင်း။

နိုင်ငံတော်၏ ဈေးကွက်စီးပွားရေးစနစ်ကို လမ်းကြောင်းမှန်အတိုင်း ဝိုင်းဝန်းပုံဖော်ရန် တာဝန်ရှိသည့် စီးပွားရေးလုပ်ငန်းရှင်များ၏ အခန်းကဏ္ဍသည် မည်မျှအရေးပါသည်။ နိုင်ငံတော်၏ ရှေ့ရေး၊ ပြည်သူများ၏ ရှေ့ရေးကို ထည့်သွင်းစဉ်းစားဆောင်ရွက်ရန် လိုအပ်သည်။ ထို့အပြင် ဥပဒေစည်းမျဉ်းများနှင့်အညီ ဦးတည်ချက်ရှိရှိ စီးပွားရေးလုပ်ငန်းများကို ကြိုးပမ်းလုပ်ကိုင်ဆောင်ရွက်ကြရမည်ဆိုသည့် မှန်ကန်သော အတွေးအမြင်များ ရရှိလာအောင် စည်းရုံးပညာပေး လှုံ့ဆော်ပေးရမည့် တာဝန်သည် အသင်းချုပ်၏ အရေးကြီးသည့် လုပ်ငန်းတာဝန်လည်း ဖြစ်ကြောင်း။

နိုင်ငံတော်က အခါအားလျော်စွာ တရားဝင်ခွင့်ပြုထားသည့် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများကို တရားဝင်လမ်းကြောင်းအတိုင်း စည်းကမ်းတကျ လုပ်ကိုင်ရေးသည် အရေးကြီးသည့် အချက်ဖြစ်ကြောင်း၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းလိုက်နာသည့် လုပ်ငန်းရှင်များကို ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ နိုင်ငံတော်က ကာကွယ်ကူညီစောင့်ရှောက်သွားမည်ဖြစ်သည်ကိုလည်း နားလည်လက်ခံကြရန် ဖြစ်ကြောင်း။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နိုင်ငံတော်၏ အမြင့်ဆုံးတရားရုံးဖြစ်သည့်အားလျော်စွာ အဆင့်ဆင့်သောတရားရုံးများကချမှတ်သည့် စီရင်ချက်များနှင့်စပ်လျဉ်း၍ အယူခံမှုစီရင်ပိုင်ခွင့်အာဏာရှိသင့်

လုပ်ငန်းကော်မတီအတွင်းရေးမှူး ဦးသောင်းညွန့်၏ ဖတ်ကြားတင်ပြချက်

ရန်ကုန် မတ် ၁၂

၂၀၀၅ခုနှစ် မတ် ၈ရက်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပသော အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအနက် တရားစီရင်ရေးအပိုင်းပါ"တရားစီရင်ရေးဆိုင်ရာအာဏာခွဲဝေမှု"နှင့်စပ်လျဉ်းပြီး ချမှတ်သင့်သည့်အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌကိုယ်စား လုပ်ငန်းကော်မတီအတွင်းရေးမှူး ဦးသောင်းညွန့်၏ ဖတ်ကြားတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

တရားစီရင်ရေးကဏ္ဍတွင် ပါရှိသည့် တရားရုံးအဆင့်ဆင့်အား စီရင်ပိုင်ခွင့်အာဏာများ ခွဲဝေအပ်နှင်းရေးနှင့် စပ်လျဉ်းပြီး လုပ်ငန်းကော်မတီ၏ လေ့လာတွေ့ရှိချက်များကို ဆက်လက်တင်ပြပါမည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့် အခြေခံမူများ သတ်မှတ်ရေးအတွက် အမျိုးသားညီလာခံက မူများချမှတ်ရာတွင် တရားစီရင်ရေးနှင့် စပ်လျဉ်း၍ အခြေခံရမည့်မူများကို အောက်ပါအတိုင်း ချမှတ်ထားခဲ့ပြီး ဖြစ်ပါကြောင်း။

"(၁) နိုင်ငံတော်၏ တရားစီရင်ရေးအာဏာကို ပြည်ထောင်စု တရားလွှတ်တော်၊ တိုင်းဒေသကြီး တရားလွှတ်တော်များ၊ ပြည်နယ် တရားလွှတ်တော်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု တရားရုံးများ အပါအဝင် အဆင့်ဆင့် တရားရုံးများအား ခွဲဝေ အပ်နှင်းသည်။

(၂) ပြည်ထောင်စုတွင် ပြည်ထောင်စု တရားလွှတ်တော်တစ်ရပ် ထားရှိသည်။ ပြည်ထောင်စုတရားလွှတ်တော်သည် နိုင်ငံတော်၏ အမြင့်ဆုံးတရားရုံး ဖြစ်သည်။

(၃) ပြည်ထောင်စု တရားလွှတ်တော်တွင် စာချွန်တော်အမိန့်များ ထုတ်ပိုင်ခွင့် အာဏာများ ရှိသည်။

(၄) တိုင်းဒေသကြီးတိုင်းတွင် တိုင်းဒေသကြီးတရားလွှတ်တော် တစ်ရပ်စီလည်းကောင်း၊ ပြည်နယ်တိုင်းတွင် ပြည်နယ်တရားလွှတ်တော် တစ်ရပ်စီလည်းကောင်း ထားရှိသည်။

(၅) အောက်ပါတို့ကို တရားစီရင်ရေးမူများအဖြစ် သတ်မှတ်သည်–
- ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရေး၊
- ဥပဒေအရ ကန့်သတ်ချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရေး၊
- အမှုများတွင် ဥပဒေအရ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်ရရှိရေး။"

ထို့အပြင် အမျိုးသားညီလာခံက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာ၌ အခြေခံရမည့်တရားစီရင်ရေးဆိုင်ရာဖွဲ့စည်းမှုအပိုင်းနှင့်စပ်လျဉ်းပြီး အသေးစိတ် အခြေခံရမည့် မူများကိုလည်း အောက်ပါအတိုင်း ချမှတ်ခဲ့ပြီး ဖြစ်ပါကြောင်း။

" နိုင်ငံတော်၏ တရားစီရင်ရေးအာဏာ ခွဲဝေအပ်နှင်းခြင်းနှင့် စပ်လျဉ်းပြီး နိုင်ငံတော်၏ တရားစီရင်ရေးအာဏာကို–

(က) ပြည်ထောင်စု တရားလွှတ်တော်ချုပ် (Supreme Court of the Union)၊ တိုင်းဒေသကြီး တရားလွှတ်တော်များ (High Courts of the Regions)၊ ပြည်နယ်တရား လွှတ်တော်များ (High Courts of the States)၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံးများ (Courts of the Self-Administered Divisions)၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးများ (Courts of the Self-Administered Zones)၊ ခရိုင်တရားရုံးများ (District Courts)၊ မြို့နယ် တရားရုံးများ (Township Courts)၊ ဥပဒေအရ တည်ထောင်သော အခြားတရားရုံးများနှင့် ဥပဒေနှင့်အညီ ခန့်ထားသော တရားသူကြီးများအား နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအရ လည်းကောင်း၊ အခြားဥပဒေအရလည်းကောင်း၊

(ခ) စစ်ဘက်ဆိုင်ရာ တရားရုံးများ (Courts Martial)အား နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေအရလည်းကောင်း၊ အခြားဥပဒေအရ လည်းကောင်း၊

(ဂ) နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး (Constitutional Tribunal)အား နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအရ လည်းကောင်း

ခွဲဝေအပ်နှင်းသည်။"

ယင်းသို့ ချမှတ်ထားပြီးဖြစ်သည့် အသေးစိတ် အခြေခံရမည့်မူများအရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်များနှင့် ပြည်နယ်တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံးများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားရုံးများ၊ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများအား တရားစီရင်ရေးအာဏာ မည်သို့ခွဲဝေအပ်နှင်းသင့်သည်ကို စဉ်းစားနိုင်ရန်အတွက် လုပ်ငန်းကော်မတီ၏ လေ့လာတွေ့ရှိချက်များကို တင်ပြသွားမည်ဖြစ်ကြောင်း။

၁၉၄၈ခုနှစ် လွတ်လပ်ရေးရသည့် အချိန်မှ ၁၉၆၂ခုနှစ် တော်လှန်ရေးကောင်စီက တာဝန်ယူသည့်အချိန်ထိ ကာလအတွင်း တည်ရှိခဲ့သည့် တရားရုံးများမှာ–

(က) ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေ (The Union Judiciary Act) တို့အရ ဖွဲ့စည်းသည့် တရားလွှတ်တော်ချုပ် (Supreme Court) နှင့် တရားလွှတ်တော် (High Court)၊

(ခ) ၁၉၅၀ပြည့်နှစ် တရားရုံးများအက်ဥပဒေနှင့် ၁၉၅၃ခုနှစ် ပြည်နယ် တရားရုံးများ အက်ဥပဒေအရ ဖွဲ့စည်းသည့် ခရိုင်တရားမရုံး၊ ရာဘက် ခရိုင်တရားမရုံး၊ နယ်ပိုင်တရားမတရားရုံးနှင့် မြို့နယ် တရားမရုံးများ၊

(ဂ) ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေအရ ဖွဲ့စည်းသည့် စက်ရှင်တရားရုံး၊ ခရိုင် ရာဇဝတ်တရားသူကြီးရုံး၊ နယ်ပိုင်ရာဇဝတ်တရားသူကြီးရုံး၊ မြို့နယ်ရာဇဝတ်တရားသူကြီးရုံး၊ ရာဘက်ရာဇဝတ်တရားသူကြီးရုံး များနှင့်

(ဃ) ဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းသော တရားရုံးများ

ဖြစ်ကြပါကြောင်း၊ ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် တော်လှန်ရေးကောင်စီက နိုင်ငံတော်အာဏာ အရပ်ရပ်ကို လွှဲပြောင်းရယူသည့်အခါ တရားလွှတ်တော်ချုပ်နှင့် တရားလွှတ်တော်တို့ကိုရုပ်စဲပြီး နိုင်ငံတော်တရားရုံးချုပ်ကို ဖွဲ့စည်းခဲ့ပါကြောင်း။

ယင်းနောက် ၁၉၇၂ ခုနှစ် ဩဂုတ်လတွင် တရားရုံးချုပ်လက်အောက်တွင် ပြည်သူ့တရားစီရင်ရေးရှေ့ပြေးအဖြစ် ပြည်နယ်/ တိုင်းပြည်သူ့တရားရုံး၊ မြို့နယ်ပြည်သူ့တရားရုံး၊ ရပ်ကွက်/ကျေးရွာအုပ်စု ပြည်သူ့တရားရုံးများကို ဖွဲ့စည်းခဲ့ပါကြောင်း။

ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်ပေါ်ပေါက်လာသည့် ၁၉၇၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ကာလတွင် ပြည်သူ့တရားသူကြီးအဖွဲ့၊ ပြည်နယ်တရားသူကြီးအဖွဲ့၊ တိုင်းတရားသူကြီးအဖွဲ့၊ မြို့နယ်တရားသူကြီးအဖွဲ့၊ ရပ်ကွက်တရားသူကြီးအဖွဲ့နှင့် ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့များကို ဖွဲ့စည်းခဲ့ပါကြောင်း၊ တရားရုံးအဆင့်များနှင့် ပတ်သက်၍ ဗဟိုအဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ မြို့နယ်အဆင့်၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စုအဆင့် ဟူ၍ အဆင့်လေးဆင့် ရှိခဲ့ပါကြောင်း။

ယခုအခါ ပြည်ထောင်စုမြန်မာနိုင်ငံတွင် အောက်ပါအတိုင်း တရားရုံးအဆင့် လေးဆင့် ဖွဲ့စည်းထားရှိပါကြောင်း။

(က) တရားရုံးချုပ်၊
(ခ) ပြည်နယ်တရားရုံး သို့မဟုတ် တိုင်းတရားရုံးများ၊
(ဂ) ခရိုင်တရားရုံးများ၊
(ဃ) မြို့နယ်တရားရုံးများ။

အမျိုးသားညီလာခံက ချမှတ်ထားပြီးသည့် အခြေခံရမည့်မူများအရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများ တည်ထောင်ထားရှိမှာ ဖြစ်ကြောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ရှိလျှင်မူ ယင်းဒေသ

အမျိုးသားညီလာခံစုံညီအစည်း အဝေး၌နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအနက် တရားစီရင်ရေး အပိုင်းပါ "တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု"နှင့် စပ်လျဉ်းပြီး ချမှတ် သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌကိုယ်စား လုပ်ငန်းကော်မတီ အတွင်းရေးမှူးဦးသောင်းညွန့် ဖတ်ကြား တင်ပြစဉ်။ (သတင်းစဉ်)

အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံးနှင့် မြို့နယ်တရားရုံးများ ဟူ၍လည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိလျှင် ယင်းဒေသအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားရုံးနှင့် မြို့နယ်တရားရုံးများ ဟူ၍လည်းကောင်း တည်ထောင်ထားရှိမည်ဖြစ်ရာ ယင်းသို့ ဗဟိုမှ မြို့နယ်အထိ တရားရုံးအဆင့်ဆင့်ကို တရားစီရင်ပိုင်ခွင့်အာဏာများ ခွဲဝေအပ်နှင်းရေးအတွက် ဆက်လက်ရှင်းလင်းတင်ပြမည် ဖြစ်ကြောင်း။

ပထမဦးစွာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို အပ်နှင်းသင့်သည့် တရားစီရင်ပိုင်ခွင့် အာဏာများနှင့်စပ်လျဉ်းပြီး လုပ်ငန်းကော်မတီ၏ လေ့လာတွေ့ရှိချက်ကို တင်ပြမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် ၁၉၄၇ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ တရားလွှတ်တော်ချုပ်တစ်ရပ်နှင့် တရားလွှတ်တော်တစ်ရပ်ရှိစဉ်က တရားလွှတ်တော်ချုပ်ကို မူလအမှုများ စီရင်ပိုင်ခွင့်အာဏာပေးအပ်ခဲ့သည်ကို မတွေ့ရှိရဘဲ တရားလွှတ်တော်ကိုသာ မူလမှုစီရင်ပိုင်ခွင့်များ အပ်နှင်းခဲ့ပါကြောင်း၊ ယင်းသို့ မူလမှုစီရင်ပိုင်ခွင့်များနှင့် စပ်လျဉ်းပြီး ၁၉၄၇ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၁၃၅တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါကြောင်း–

"၁၃၅။ ။ (၁) အောက်ပါကိစ္စများအတွက်၊ တရားလွှတ်တော်၌သာလျှင် မူလစီရင်ပိုင်ခွင့်အာဏာများရှိရမည်–

(က) ပြည်ထောင်စုနိုင်ငံက ချုပ်ဆိုသော ပြည်ထောင် အချင်းချင်း စာချုပ်များနှင့်စပ်လျဉ်း၍ ပေါ်ပေါက်လာသောကိစ္စများ၊

(ခ) ပြည်ထောင်စုနိုင်ငံနှင့် ပြည်ထောင်စုအဖွဲ့ဝင် အငြင်းဖြစ်ပွားသော ကိစ္စများ၊ သို့တည်းမဟုတ် ပြည်ထောင်စု အဖွဲ့ဝင်အချင်းချင်း အငြင်းဖြစ်ပွား သောကိစ္စများ၊

(ဂ) တရားဥပဒေဖြင့် သတ်မှတ်ထားသော အခြားကိစ္စများ ရှိလျှင်လည်း ထိုကိစ္စများ။

(၂) မည်သည့်လက်အောက်ခံ တရားရုံး၌မဆို မပြီးမပြတ်ဖြစ်နေသေးသော အမှုတစ်မှုတွင် တရားဥပဒေတစ်ခုခုသည် ဤအခြေခံဥပဒေရှိ ပြဋ္ဌာန်းချက်များအရ ခိုင်လုံသည်၊ မခိုင်လုံသည်ဟူသောပြဿနာမျိုး၊ အရေးယူ လောက်အောင် ပေါ်ပေါက်နေသည်ဟု သို့တည်းမဟုတ် ပေါ်ပေါက်ရန် အကြောင်းရှိသည်ဟု တရားလွှတ်တော်က ယုံကြည်ကျေနပ်ခဲ့သော် တရားလွှတ်တော်သည် ထိုအမှုကိုစစ်ဆေးရန် မိမိ၏ လွှတ်တော်သို့ ပြောင်းရွှေ့ယူရမည်။"

ယခုအခါ အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများထဲတွင် အထွေထွေပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်းသည့် အခြေခံရမည့်မူတစ်ရပ်အဖြစ် အောက်ပါအတိုင်း ချမှတ်ထားပါကြောင်း–

"နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို အနက် အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီး လွှတ်တော် များနှင့် ပြည်နယ်လွှတ်တော်များက ပြဋ္ဌာန်းသည့် ဥပဒေများသည် လည်းကောင်း၊ ပြည်ထောင်စု၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ၏ အုပ်ချုပ်မှုဆိုင်ရာ အာဏာပိုင်များ၏ ဆောင်ရွက်ချက်များသည်လည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေနှင့် ညီညွတ်မှု ရှိ၊ မရှိ စိစစ်ခြင်း၊ ပြည်ထောင်စုနှင့်တိုင်းဒေသကြီး အကြား၊ ပြည်ထောင်စုနှင့် ပြည်နယ်အကြား၊ တိုင်းဒေသကြီးအချ

စာမျက်နှာ ၆ ကော်လံ ၁ သို့

တရားရုံးဖွဲ့စည်းမှုအပိုင်း

❑ တရားစီရင်ရေးနှင့် စပ်လျဉ်းသည့် အခြေခံရမည့်မူများမှာလည်း တရားရုံးများ ဖွဲ့စည်းမှုအပိုင်းမှာ "တိုင်းဒေသကြီးတိုင်းတွင် တိုင်းဒေသကြီး တရားလွှတ်တော် တစ်ရပ်စီလည်းကောင်း၊ ပြည်နယ်တိုင်းတွင် ပြည်နယ်တရားလွှတ်တော်တစ်ရပ်စီ လည်းကောင်း ထားရှိသည်" ဟူ၍ အသေးစိတ် အခြေခံရမည့်မူ ချမှတ်ထား။

13-3 (05).p65 1 3/29/05, 10:46 AM

စာမျက်နှာ ၅ မှ

ပြည်နယ်အချင်းချင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအကြား၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအချင်းချင်း ဖြစ်ပေါ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများကို ကြားနာဆုံးဖြတ်ခြင်းနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေက အပ်နှင်းသည့် အခြားတာဝန်များ ဆောင်ရွက်ခြင်းတို့ပြုနိုင်ရန် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးတစ်ရုံးကို ဖွဲ့စည်းမည်။”

ယင်းသို့ အခြေခံရမည့်မူများချထားပြီးဖြစ်သည့်အတွက် ပြည်ထောင်စုနှင့် ပြည်ထောင်စုအဖွဲ့ဝင်အကြားဖြစ်ပေါ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများ၊ ပြည်ထောင်စုအဖွဲ့ဝင်အချင်းချင်း ဖြစ်ပေါ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများနှင့် တရားရုံးတစ်ရုံးရုံး၌ စစ်ဆေးဆဲအမှုတွင် သက်ဆိုင်နေသည့် ဥပဒေတစ်ရပ်ရပ်သည် အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ ခိုင်လုံသည်၊ မခိုင်လုံဘူးဆိုသည့် ဥပဒေပြဿနာပေါ်ပေါက်နေလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးနှင့် သက်ဆိုင်မှာဖြစ်သည့်အတွက် ယင်းသို့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်သက်ဆိုင်သည့် ဥပဒေပြဿနာများကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးကသာ စစ်ဆေးစီရင်ရန် ဖြစ်ပါကြောင်း၊ ယင်းသို့ ဥပဒေပြဿနာပေါ်ပေါက်သည့် အမှုမျိုးများမှအပ ပြည်ထောင်စုအစိုးရနှင့် ပြည်ထောင်အချင်းချင်း ချုပ်ဆိုသည့် စာချုပ်များမှ ပေါ်ပေါက်လာသည့် ကိစ္စရပ်များ၊ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး

လက်အောက်ခံတရားရုံးများ၏ စီရင်ဆုံးဖြတ်ချက်များကို ဥပဒေနှင့်အညီဖြစ်စေရန် ညီညွတ်မျှတစေရန် အဆင့်မြင့်သည့် တရားရုံးတို့က ကြီးကြပ်ကွပ်ကဲရန် တာဝန်ရှိ

သို့မဟုတ် ပြည်နယ်အစိုးရတို့အကြားဖြစ်ပွားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဿနာများမှအပ အခြားအငြင်းပွားမှုများ၊ တိုင်းဒေသကြီးအချင်းချင်း၊ ပြည်နယ်အချင်းချင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အချင်းချင်း၊ ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အချင်းချင်းတို့အကြား ဖြစ်ပွားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဿနာများမှအပ အခြားအငြင်းပွားမှုများ အပြင် ဥပဒေတစ်ရပ်ရပ်အရ သတ်မှတ်ထားသည့် အခြားကိစ္စရပ်များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စီရင်နိုင်ရန် **မူလမှုစီရင်ပိုင်ခွင့်အာဏာ** အပ်နှင်းသင့်ကြောင်း တင်ပြအပ်ပါကြောင်း။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်အား **အယူခံမှု စီရင်ပိုင်ခွင့်အာဏာ အပ်နှင်းရေး**နှင့်စပ်လျဉ်းပြီး ဆက်လက် တင်ပြရမည်ဆိုလျှင် ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများထဲ၌ “အမှုများတွင် ဥပဒေအရ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်ရရှိရေး”ဆိုသည့် အခြေခံရမည့်မူတစ်ရပ်ချမှတ်ထားပါကြောင်း၊ အဆိုပါမူအရ **အယူခံမှုစီရင်ပိုင်ခွင့်အာဏာ**ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်အား အပ်နှင်းရန် လိုအပ်မည်ဖြစ်ကြောင်း။

အယူခံမှုစီရင်ပိုင်ခွင့်အာဏာများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နိုင်ငံတော်၏ အမြင့်ဆုံးတရားရုံးဖြစ်သည့်အားလျော်စွာ အဆင့်ဆင့်သော တရားရုံးများက ချမှတ်သည့် စီရင်ချက်များနှင့် စပ်လျဉ်း၍ အယူခံမှုစီရင်ပိုင်ခွင့်အာဏာရှိသင့်ပါကြောင်း၊ ထို့အပြင် တည်ဆဲဥပဒေများအရလည်းကောင်း၊ နောင်ပေါ်ပေါက်လာမည့် ဥပဒေပြုအဖွဲ့အစည်းများက ပြဋ္ဌာန်းသည့် ဥပဒေတစ်ရပ်ရပ်အရလည်းကောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်အား အယူခံမှုစီရင်ပိုင်ခွင့်အာဏာများ အပ်နှင်းကြဦးမှာဖြစ်သည့်အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်အား ဥပဒေအရ တင်သွင်းလာသည့် အယူခံမှု စီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံးစေရန်ဖြစ်ပါကြောင်း။

ထို့အပြင် **ပြင်ဆင်မှုစီရင်ပိုင်ခွင့်အာဏာ**ကျင့်သုံးခြင်းနှင့် စပ်လျဉ်း၍ တင်ပြရမည်ဆိုလျှင် လက်အောက်ခံတရားရုံးများ၏ စီရင်ဆုံးဖြတ်ချက်များကို ဥပဒေနှင့်အညီဖြစ်စေရန် ညီညွတ်မျှတစေရန်အတွက် အဆင့်မြင့်သည့် တရားရုံးတို့က ကြီးကြပ်ကွပ်ကဲရန် တာဝန်ရှိသည့်အတိုင်း တစ်ဆင့်မြင့်သည့် တရားရုံးက ပြင်ဆင်မှုစီရင်ပိုင်ခွင့်အာဏာကို ဥပဒေနှင့်အညီ ကျင့်သုံးကြပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်အား ဥပဒေအရ တင်သွင်းလာသည့် ပြင်ဆင်မှုစီရင်ပိုင်ခွင့်ကို ကျင့်သုံးစေသင့်ပါကြောင်း။

အထက်တွင် လုပ်ငန်းကော်မတီ၏ ရှင်းလင်းတင်ပြချက်များအရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အား တရားစီရင်ပိုင်ခွင့်အာဏာများ အပ်နှင်းခြင်းနှင့် စပ်လျဉ်းပြီး အောက်ဖော်ပြပါအတိုင်း အသေးစိတ် အခြေခံရမည့်မူများ ချမှတ်သင့် မသင့် ဆွေးနွေးအကြံပြုကြရန်ဖြစ်ပါကြောင်း။

“(က) ပြည်ထောင်စုတရားလွှတ်တော်ချုပ်၌သာ အောက်ပါကိစ္စရပ်များအတွက် မူလမှုစီရင်ပိုင်ခွင့်အာဏာများရှိသည်–

(၁) ပြည်ထောင်စုနိုင်ငံတော်က ချုပ်ဆိုသော ပြည်ထောင်အချင်းချင်း စာချုပ်များနှင့်စပ်လျဉ်း၍ပေါ်ပေါက်လာသောကိစ္စရပ်များ၊

(၂) ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရတို့အကြား ဖြစ်ပွားသည့်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဿနာများမှအပ အခြားအငြင်းပွားမှုများ၊

(၃) တိုင်းဒေသကြီးအချင်းချင်း၊ ပြည်နယ်အချင်းချင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အချင်းချင်း၊ ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အချင်းချင်းတို့အကြား ဖြစ်ပွားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဿနာများမှအပ အခြားအငြင်းပွားမှုများ၊

(၄) ဥပဒေတစ်ရပ်ရပ်အရ သတ်မှတ်ထားသော အခြားကိစ္စရပ်များ၊

(ခ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နိုင်ငံတော်၏ အမြင့်ဆုံး တရားရုံးဖြစ်သည့်အားလျော်စွာ နောက်ဆုံးအပြီးအပြတ် အယူခံဝင်ရာ တရားရုံးလည်းဖြစ်သည်။

(ဂ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီရင်ချက်များသည် အမှုအားလုံးတွင် အပြီးအပြတ်ဖြစ်၍ အယူခံဝင်ခွင့်မရှိစေရ။

(ဃ) ပြည်ထောင်စု တရားလွှတ်တော်ချုပ်သည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကိုဖြစ်စေ၊ အခြားဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ မဆန့်ကျင်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်၏ စီရင်ချက်များကို ဆုံးဖြတ်နိုင်သော အယူခံမှုစီရင်ပိုင်ခွင့် အာဏာရှိသည်။ ထို့အပြင် အခြားတရားရုံးများက ချမှတ်သော စီရင်ချက်များကိုလည်း ဥပဒေနှင့်အညီ စစ်ဆေးဆုံးဖြတ်နိုင်သော အယူခံမှုစီရင်ပိုင်ခွင့်အာဏာရှိသည်။

(င) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ဥပဒေနှင့်အညီ ပြင်ဆင်မှုစီရင်ပိုင်ခွင့်အာဏာရှိသည်။”

ပြည်ထောင်စုတရားလွှတ်တော်ချုပ်အား **စာချွန်တော်အမိန့်များ ထုတ်ပေးပိုင်ခွင့်အာဏာ** အပ်နှင်းရေးနှင့် စပ်လျဉ်းပြီး လုပ်ငန်းကော်မတီ၏ လေ့လာတွေ့ရှိချက်များကို တင်ပြမည်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံက ချမှတ်ပြီးဖြစ်သည့် တရားစီရင်ရေးဆိုင်ရာ အခြေခံရမည့်မူများတွင် “ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် စာချွန်တော်အမိန့်များ ထုတ်ပိုင်ခွင့်အာဏာများရှိသည်” ဟူ၍ အခြေခံရမည့်မူတစ်ရပ် ပါရှိပါကြောင်း၊ အဆိုပါ စာချွန်တော်အမိန့်အသီးသီး၏ သဘောသဘာဝကို သိရှိနိုင်ရန် အကျဉ်းအားဖြင့် ရှင်းလင်းတင်ပြရမည်ဆိုလျှင်–

- **ရှေ့တော်သွင်း စာချွန်တော်အမိန့်**(Writ of Habeas Corpus) ဆိုသည်မှာ ဖမ်းဆီးခံထားရသူတစ်ဦးအား မည်သည့်ပြစ်မှု၊ မည်သည့် ဥပဒေအရ ဖမ်းဆီးထားသည်ကို ဖမ်းဆီးသည့်အဖွဲ့အစည်းအား ရှင်းလင်းစေပြီး ဖမ်းဆီးရသည့်အကြောင်းကို ကျေနပ်လောက်အောင် ဖြေရှင်းခြင်း မပြုနိုင်လျှင် ဖမ်းဆီးခံရသူအား အချုပ်မှ လွှတ်စေရန် ချမှတ်သည့်အမိန့်ဖြစ်ပါကြောင်း။
- **အာဏာပေး စာချွန်တော်အမိန့်** (Writ of Mandamus) ဆိုသည်မှာ ဥပဒေအရ အပ်နှင်းထားသည့်အာဏာဖြင့် ဆောင်ရွက်ပေးရန်ရှိသည်ကို ပုဂ္ဂိုလ်တစ်ဦးကဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ ဆောင်ရွက်မပေးဘဲနေသည့်ကိစ္စများကို ဥပဒေနှင့်အညီ ဆောင်ရွက်စေရန် ထုတ်ဆင့်သည့်အမိန့် ဖြစ်ပါကြောင်း။
- **တားမြစ်စေ စာချွန်တော်အမိန့်** (Writ of Prohibition) ဆိုသည်မှာလည်း တရားရုံး သို့မဟုတ် တရားစီရင်မှုဆောင်ရွက်ခြင်း သဘောပါဝင်သည့် ခုံရုံးအား ၎င်း၏ စီရင်ပိုင်ခွင့်ကို ကျော်လွန်၍သော်လည်းကောင်း၊ တရားမျှတမှုကို ဆန့်ကျင်၍သော်လည်းကောင်း မပြုလုပ်ရန် တားမြစ်သည့် အမိန့်မျိုးဖြစ်ပါကြောင်း။
- **အာဏာပိုင်မေးစာချွန်တော်အမိန့်**(Writ of Quo Warranto) ဆိုသည်မှာ အစိုးရဌာနတစ်ခုကဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ရပ်က ဖြစ်စေ ဥပဒေအရ အပ်နှင်းထားသည့် အာဏာကို ကျော်လွန်ပြီး တစ်စုံတစ်ခုကို ပြုလုပ်ခြင်းကြောင့် ပြည်သူတစ်ဦး၏ အခွင့်အရေးကို ထိပါးနစ်နာကြောင်း ထိုသူကလျှောက်ထားလာလျှင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းအား မည်သည့်အကြောင်းကြောင့် ယင်းသို့ ပြုလုပ်ခြင်းဖြစ်သည်ဆိုသည်ကို ရှင်းလင်းဖြေကြားစေပြီး ဥပဒေနှင့်အညီ ချမှတ်သည့်အမိန့် ဖြစ်ပါကြောင်း။
- **အမှုခေါ် စာချွန်တော်အမိန့်** (Writ of Certiorari) ဆိုသည်မှာ လက်အောက်ခံတရားရုံးနှင့် တရားစီရင်မှုဆောင်ရွက်ခြင်း သဘောပါဝင်သည့် ခုံရုံးတို့က ချမှတ်သည့်အမိန့်များအပေါ် ပြန်လည်စိစစ်ပြီး ဥပဒေနှင့်အညီ ချမှတ်သည့် အမိန့်ဖြစ်ပါကြောင်း။

နိုင်ငံသားများအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ မိမိတို့ရသင့်ရထိုက်သည့် အခွင့်အရေးများ ဆုံးရှုံးနစ်နာမှုပေါ်ပေါက်သည့်အခါ ယင်းအခွင့်အရေးများ ရရှိစေရန် ပြည်ထောင်စု တရားလွှတ်တော်ချုပ်အား စာချွန်တော်အမိန့်များ ထုတ်ဆင့်ပေးပါရန် လျှောက်ထားခွင့်များပေးရန် လိုအပ်မှာဖြစ်ပါကြောင်း၊ သို့သော် နိုင်ငံတော်အတွင်း အရေးပေါ်အခြေအနေများ ပေါ်ပေါက်နေစဉ်ကာလအတောအတွင်းတွင်မူ ယင်းသို့ အရေးပေါ်အခြေအနေပေါ်ပေါက်ကြောင်း ကြေညာသည့်ဒေသတွင် စာချွန်တော်အမိန့် ထုတ်ဆင့်ပေးရန် လျှောက်ထားသည့်ကိစ္စများကို ရပ်ဆိုင်းထားသင့်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် အချို့သောနိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများမှာလည်း အရေးပေါ်ကာလများ ပေါ်ပေါက်ချိန်တွင် စာချွန်တော်အမိန့်များ ထုတ်ဆင့်ပေးရန် လျှောက်ထားချက်များကို ဆိုင်းငံ့ထားသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ထို့ကြောင့် စာချွန်တော်အမိန့်များ ထုတ်ဆင့်ပေးရန် လျှောက်ထားချက်များနှင့် စပ်လျဉ်းပြီး “နိုင်ငံတော်အတွင်း အရေးပေါ်အခြေအနေများ ပေါ်ပေါက်ကြောင်း ကြေညာသည့်ဒေသတွင် စာချွန်တော်အမိန့် ထုတ်ဆင့်ပေးရန် လျှောက်ထားချက်များကို ရပ်ဆိုင်းထားရမည်”ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်ထားသင့်ပါကြောင်း။

ထို့ကြောင့် စာချွန်တော်အမိန့်များ ထုတ်ဆင့်ပေးသည့် အာဏာနှင့် စပ်လျဉ်းပြီး အောက်ပါအသေးစိတ် အခြေခံရမည့်မူကို ချမှတ်ရန် သင့် မသင့် ဆွေးနွေးအကြံပြုကြရန် ဖြစ်ပါကြောင်း။

“ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည်–

(က) အောက်ပါ စာချွန်တော်အမိန့်များကို ထုတ်ပိုင်ခွင့်အာဏာရှိသည်–

(၁) ရှေ့တော်သွင်း စာချွန်တော်အမိန့်၊

(၂) အာဏာပေး စာချွန်တော်အမိန့်၊

(၃) တားမြစ်စေ စာချွန်တော်အမိန့်၊

(၄) အာဏာပိုင်မေး စာချွန်တော်အမိန့်၊

(၅) အမှုခေါ် စာချွန်တော်အမိန့်။

(ခ) နိုင်ငံတော်အတွင်း အရေးပေါ်အခြေအနေများ ပေါ်ပေါက်ကြောင်း ကြေညာသည့်ဒေသတွင် စာချွန်တော်အမိန့် ထုတ်ဆင့်ပေးရန် လျှောက်ထားချက်များကို ရပ်ဆိုင်းထားရမည်။”

ဆက်လက်၍ **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်များအား တရားစီရင်ပိုင်ခွင့်အာဏာများ အပ်နှင်းရေး**နှင့်စပ်လျဉ်း၍ လုပ်ငန်းကော်မတီ၏ လေ့လာတွေ့ရှိချက်များကို တင်ပြမည်ဖြစ်ကြောင်း။

နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံနှင့်စပ်လျဉ်း၍ ချမှတ်ထားပြီးဖြစ်သည့် အခြေခံမူများမှာ“ရှိရင်းစွဲ တိုင်း(၇)တိုင်းကို တိုင်းဒေသကြီး(Regions) (၇)ခု အဖြစ်လည်းကောင်း၊ ရှိရင်းစွဲ ပြည်နယ်(၇)ပြည်နယ်ကို ပြည်နယ် (States) (၇)ပြည်နယ်အဖြစ်လည်းကောင်း ပိုင်းခြားသတ်မှတ်သည်။ ထိုတိုင်းဒေသကြီး (၇)ခုနှင့် ပြည်နယ် (၇)ပြည်နယ်တို့သည် အဆင့်အတန်း တူညီကြသည်”ဟု အခြေခံရမည့်မူ ချမှတ်ခဲ့ပြီးဖြစ်ပါကြောင်း၊ တရားစီရင်ရေးနှင့် စပ်လျဉ်းသည့် အခြေခံရမည့်မူများမှာလည်း တရားရုံးများ ဖွဲ့စည်းမှုအပိုင်းမှာ “တိုင်းဒေသကြီးတိုင်းတွင် တိုင်းဒေသကြီး တရားလွှတ်တော်တစ်ရပ်စီ လည်းကောင်း၊ ပြည်နယ်တိုင်းတွင် ပြည်နယ်တရားလွှတ်တော် တစ်ရပ်စီလည်းကောင်း ထားရှိသည်” ဟူ၍ အသေးစိတ်အခြေခံရမည့်မူ ချမှတ်ထားပါကြောင်း။

အဆိုပါ အခြေခံရမည့်မူများနှင့်အညီ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် စုစုပေါင်း တရားလွှတ်တော်(၁၄)ရပ်ကို ဖွဲ့စည်းတည်ထောင်သွားရမှာ ဖြစ်ပါကြောင်း၊ ယင်းတရားလွှတ်တော်(၁၄)ရပ်သည် အဆင့်အတန်း တူညီကြသည့်အတွက် တူညီသော တရားစီရင်ပိုင်ခွင့်အာဏာများ အပ်နှင်းရန် လိုအပ်သည့်အလျောက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်များအား မည်သည့်တရားစီရင်ပိုင်ခွင့်အာဏာများ အပ်နှင်းသင့်သည်ဆိုသည်ကို ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း။

နိုင်ငံအများစုရှိ တရားလွှတ်တော်များတွင် မူလမှုများကို စစ်ဆေးစီရင်ပိုင်ခွင့် ရှိကြပါကြောင်း၊ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရလည်း တရားလွှတ်တော်တွင် မူလမှုစီရင်ပိုင်ခွင့်ရှိပါကြောင်း၊ ထို့ကြောင့် နောင်ပေါ်ပေါက်လာမည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်များကိုလည်း **မူလမှုစီရင်ပိုင်ခွင့်အာဏာ** အပ်နှင်းသင့်ပါကြောင်းကို တင်ပြအပ်ပါကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။ **(သတင်းစဉ်)**



အမျိုးသားညီလာခံကြီးအောင်မြင်စွာကျင်းပပြီးစီးရေး နိုင်ငံတော်နှင့်ပြည်သူတစ်ရပ်လုံး လိုအပ်ချက်ဖြစ် စစ်မှုထမ်းဟောင်းအဖွဲ့အနေဖြင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ တစ်တပ်တစ်အားပါဝင်ကူညီ အဆင့်ဆင့်သောအဖွဲ့အစည်းများ နိုင်ငံအကျိုး၊တိုင်းရင်းသားပြည်သူများအကျိုး တက်ညီလက်ညီဆောင်ရွက်

ရန်ကုန် မတ် ၁၂

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီပုံမှန်အစည်းအဝေး (၂/၂၀၀၅)ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ပြည်လမ်းရှိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

တက်ရောက်

အစည်းအဝေးသို့ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း (အငြိမ်းစား)နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ဗဟိုစည်းရုံးရေးကော်မတီဝင် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာ၌ ယခုအခါ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်ဖြစ်သော အမျိုးသားညီလာခံကြီးကို ကျင်းပလျက်ရှိရာ အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပပြီးစီးရေးသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ လိုအပ်ချက်ပင်ဖြစ်ကြောင်း၊ သို့ဖြစ်၍ အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပပြီးစီးရေးအတွက် မိမိတို့အသင်းအဖွဲ့အနေဖြင့်လည်း တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့်အတူ တစ်တပ်တစ်အား လိုအပ်သည့်နေရာမှ ပံ့ပိုးကူညီ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ပါဝင်ကူညီဆောင်ရွက်

နိုင်ငံတော်အနေဖြင့် နိုင်ငံတော်အတွင်း နေရာဒေသအနှံ့ နယ်စပ်ဒေသများပါမကျန် အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု သတ်မှတ်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ကျေးလက်နေပြည်သူများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး(၅)ရပ်ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ၎င်းလုပ်ငန်းစဉ်များတွင် မိမိတို့ စစ်မှုထမ်းဟောင်းအဖွဲ့အနေဖြင့်လည်း နိုင်ငံတော်နှင့်အတူ တစ်တပ်တစ်အား ပါဝင်ကူညီဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

အဖွဲ့အစည်းတစ်ခု ရှင်သန်အောင်မြင်ရေးအတွက် တူညီသောသဘောတရား၊တူညီသော ယုံကြည်ချက်၊ ခံယူချက်နှင့် လက်တွေ့ပေါင်းစပ်ဆောင်ရွက်သွားမှသာ ယင်းအဖွဲ့ရေရှည် တည်တံ့ခိုင်မြဲအောင်မြင်နေမည်ဖြစ်ကြောင်း၊ မိမိတို့စစ်မှုထမ်းဟောင်းအဖွဲ့အနေဖြင့်လည်း အဆင့်ဆင့်သော အဖွဲ့အစည်းများ၊ အသင်းအဖွဲ့ဝင်များအနေဖြင့် တူညီသော သဘောတရား၊ တူညီသော ယုံကြည်ချက်၊ ခံယူချက်များအပေါ်တွင် လက်တွေ့ပေါင်းစပ် ဆောင်ရွက်ပြီး နိုင်ငံတော်၏အကျိုး၊ တိုင်းရင်းသားပြည်သူများ၏အကျိုး၊ အသင်းအဖွဲ့၏ အကျိုးတို့အတွက် တက်ညီလက်ညီ အောင်အောင်မြင်မြင် ဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီ အတွင်းရေးမှူး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေက မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ပုံမှန်အစည်းအဝေး (၁/၂၀၀၅)ဆုံးဖြတ်ချက်များကို ဖတ်ကြား အတည်ပြုပြီး လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ အတွင်းရေးမှူးက ပုံမှန်အစည်းအဝေး (၂/၂၀၀၅)သို့ တင်ပြရန်ရှိသည့် လုပ်ငန်းဆိုင်ရာများကို ဖတ်ကြားတင်ပြ အတည်ပြုချက်ရယူသည်။

ဆက်လက်၍ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ၂၀၀၅ ခုနှစ် ညီလာခံကျင်းပရေးအတွက် ဆောင်ရွက်မည့် စီမံချက်(မူကြမ်း)ကို မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီးဝင်းမောင် (အငြိမ်းစား)က ဖတ်ကြားတင်ပြသည်။

ဖြည့်စွက်ဆွေးနွေး

ယင်းနောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် လုပ်ငန်းတာဝန်ကြီးငါးရပ် အဖွဲ့ခေါင်းဆောင်များနှင့် စည်းရုံးရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင်များက မိမိတို့အဖွဲ့အလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တက်ရောက်လာကြသူများက ဖြည့်စွက်ဆွေးနွေးကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

၂၀၀၅ခုနှစ်(၆၀)ပြည့်တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းကြီးများတပ်ပါစစ်ရေးပြလေ့ကျင့်

ရန်ကုန် မတ် ၁၂

၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများသည် ယနေ့နံနက် ၆ နာရီမှ ၉ နာရီခွဲအထိ ရန်ကုန်မြို့ရှိ မြို့မကွင်းမှ တော်လှန်ရေးပန်းခြံသို့ အသွားအပြန် တပ်ပါချီတက် လေ့ကျင့်မှုများကို စစ်ရေးပြအမိန့်စဉ်များအတိုင်း ဆက်လက်လေ့ကျင့်ကြသည်။

ပါဝင်ချီတက်

ယင်းသို့ စစ်ရေးပြလေ့ကျင့်မှုများကို စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်ညီထွန်း ဦးဆောင်၍ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်ကျော်ဦး ဦးဆောင်သည့် အနော်ရထာစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးသာအောင် ဦးဆောင်သည့် ကျန်စစ်သားစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်ကျော်ဦး ဦးဆောင်သည့် ဘုရင့်နောင်စစ်ကြောင်း၊စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်ဇော်ဝင်း ဦးဆောင်သည့် နဝဒေးစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးမျိုးဝင်း ဦးဆောင်သည့် အောင်ဇေယျစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးခင်အောင်မြင့် ဦးဆောင်သည့် ဆင်ဖြူရှင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးခင်မောင်ဦး ဦးဆောင်သည့် ဗန္ဓုလစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးဝင်းဆွေ ဦးဆောင်သည့် မြဝတီစစ်ကြောင်းနှင့် စစ်ကြောင်းမှူး ဗိုလ်မှူးကြီးမျိုးဝင်း ဦးဆောင်သည့် အောင်ဇေယျစစ်ကြောင်း၊စစ်ကြောင်းမှူး ဗိုလ်မှူးကြီးသိန်းဇော် ဦးဆောင်သည့် အောင်ဆန်းစစ်ကြောင်းတို့မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက တပ်ပါစစ်ရေးပြလေ့ကျင့်မှုများကို ပါဝင်ချီတက် စစ်ရေးပြလေ့ကျင့်ကြသည်။

ကြည့်ရှုစစ်ဆေး

အဆိုပါ စစ်ရေးပြလေ့ကျင့်မှုများကို နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် တပ်မတော်အရာရှိကြီးများ လာရောက် ကြည့်ရှုစစ်ဆေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် တာဝန်ရှိသူများ စစ်ကြောင်းကြီးများလေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ထ-ပ-ဆ)

ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းပြီးစီးသွားသည့်အခါ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများပါ ဖွံ့ဖြိုးလာမည်

မြေပြန့်မှာသာစိုက်ပျိုးရသည်ဆိုသည့်အယူအဆကိုပြောင်းလဲ၊ တောင်ကုန်းတောင်စောင်းများကိုပါအသုံးချစိုက်ပျိုး

* ကျောဖုံးမှ

အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က ရွှေကျင် ရေအားလျှပ်စစ်စီမံကိန်းမှရရှိမည့် လျှပ်စစ်ဓာတ်အားကို မဟာဓာတ်အားလိုင်းစနစ်အတွင်း ထည့်သွင်း၍ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးသွားရန် စီစဉ်ထားမှုများ၊ တပ်ဆင်စက်လေးလုံးဖြင့် လျှပ်စစ်ဓာတ်အား ထုတ်ယူရရှိမည့် အခြေအနေများ၊ စီမံကိန်းကုန်ကျငွေဆိုင်ရာကိစ္စများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လိုအပ်သည်များကိုလမ်းညွှန်ပြီး လျာထားသည့်အချိန်ထက် စီမံကိန်းလုပ်ငန်းများကို စောပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် စီမံကိန်းလုပ်ငန်းများတွင် အသုံးပြုသည့် ကျောက်၊ သဲနှင့် မြေကြီးနမူနာများကိုလည်းကောင်း၊ တည်ဆောက်သွားမည့် တမံပုံစံများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ရှင်းလင်းဆောင်အနီးရှိ ရှုရပ်မှ စီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှုကြပြီး မော်တော်ယာဉ်များဖြင့်လည်း စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

လျှပ်စစ်ဓာတ်အား ၇၅ မဂ္ဂါဝပ် ထုတ်နိုင်

ရွှေကျင် ရေအားလျှပ်စစ်စီမံကိန်းကို ရွှေကျင်ချောင်းပေါ်၌ တည်ဆောက်အကောင်အထည်ဖော်နေခြင်းဖြစ်ပြီး ၁၈ ဒသမ ၇၅ မဂ္ဂါဝပ် ထုတ်လုပ်နိုင်သည့်

အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများပါဝင်သည့်အဖွဲ့ ပဲခူးတိုင်း ခရီးစဉ်အဖြစ် ရွှေကျင်မြို့သို့လာရောက်သည့် ရည်ရွယ်ချက်များ၊ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်လာမှုအခြေအနေများ၊ တပ်တွင်းတပ်ပြင် စည်းရုံးရေး ခိုင်မာတောင့်တင်းရန် လိုအပ်ပုံများကို ပဏာမရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အင်အားတောင့်တင်းသည့် အရည်အချင်းပြည့်ဝသော တပ်မတော် တည်ဆောက်ရေး၊ ပြည်သူများနှင့် တစ်သားတည်း နေထိုင်ကျင့်ကြံရေးတို့ကို ထပ်မံမှာကြားပြီး တပ်မတော်သားများနှင့် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

မြို့မိမြို့ဖများတွေ့ဆုံ

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ၁နာရီခွဲတွင် ရွှေကျင်မြို့ဒေသခံတပ်ရင်း မြဝတီခန်းမ၌ ရွှေကျင်မြို့နယ်မှ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ရွှေကျင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွေးမြင့်က ရွှေကျင်မြို့နယ်၏ အကျယ်အဝန်း၊ လူဦးရေ၊ မြေအသုံးချနိုင်မှု၊ မိုးစပါး၊ နွေစပါးကို လျာထားချက်ထက်ကျော်လွန်၍ စိုက်ပျိုးနိုင်မှု၊ မြို့နယ်အတွင်း ဒေသဆန်ဖူလုံလာမှု၊ ဆောင်းသီးနှံနှင့် နှစ်ရှည်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပဲခူးတိုင်း ရွှေကျင်မြို့ ဒေသခံတပ်ရင်း မြဝတီခန်းမ၌ ရွှေကျင်တပ်နယ်ရှိ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများနှင့် မိသားစုများအား တွေ့ဆုံလမ်းညွှန်မှာကြားစဉ်။ (သတင်းစဉ်)

စက်လေးလုံးတပ်ဆင်၍ လျှပ်စစ်ဓာတ်အား ၇၅ မဂ္ဂါဝပ် ထုတ်ယူနိုင်မည့် စီမံကိန်းဖြစ်သည်။

စစ်တောင်းမြစ်ဝှမ်းဒေသ ရေအားလျှပ်စစ်စီမံကိန်းများကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်း ဇောင်းတူ ရေအားလျှပ်စစ်စီမံကိန်းမှာ တည်ဆောက်ပြီးစီးသည့် စီမံကိန်းတစ်ခုဖြစ်သည်။

တည်ဆောက်ဆဲ စီမံကိန်းများတွင် ဤရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းပါရှိပြီး ပဲခူးတိုင်း၌ ကွန်းချောင်း ရေအားလျှပ်စစ်စီမံကိန်း၊ ဖြူးချောင်း ရေအားလျှပ်စစ်စီမံကိန်း၊ ခပေါင်း ရေအားလျှပ်စစ်စီမံကိန်း၊ ရဲနွယ် ရေအားလျှပ်စစ်စီမံကိန်း၊ ပသိ ရေအားလျှပ်စစ်စီမံကိန်း၊ မန္တလေးတိုင်း၌ ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းနှင့် အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းတို့မှာ ဆောင်ရွက်ဆဲစီမံကိန်းများဖြစ်သည်။

စစ်တောင်းမြစ်ဝှမ်းဒေသ၌ ဆက်လက်တည်ဆောက်သွားမည့် ရေအားလျှပ်စစ်စီမံကိန်းများမှာ ပဲခူးတိုင်း၌ သောက်ရေခပ်နှင့် ဘောဂထ ရေအားလျှပ်စစ်စီမံကိန်းနှစ်ခုနှင့် မန္တလေးတိုင်း၌ နမ်ချို ရေအားလျှပ်စစ်စီမံကိန်းတို့ ဖြစ်ကြောင်း သိရှိရသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရွှေကျင် ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ရွှေကျင်မြို့သို့ ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ရွှေကျင်မြို့ ဒေသခံတပ်ရင်း မြဝတီခန်းမ၌ ရွှေကျင်တပ်နယ်ရှိ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများနှင့် မိသားစုများအား တွေ့ဆုံသည်။

ရှင်းလင်းပြောကြား

ထိုသို့တွေ့ဆုံရာတွင် ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဦးဆောင်ပြီး နိုင်ငံတော်

ပင်များစိုက်ပျိုးမှု၊ မြို့နယ်၏ ပညာရေး၊ ကျန်းမာရေးအခြေအနေများ၊ ဒေသဖွံ့ဖြိုးတိုးတက်မှုများ၊ ဒေသအတွင်း လူတစ်ဦးချင်းဝင်ငွေ မြင့်မားလာမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ပဲခူးတိုင်း၌ ၂၀၀၅-၀၆ခုနှစ်မှ သုံးနှစ်အတွင်း ရော်ဘာစိုက်ဧက ငါးသောင်းခန့်မှ ဧကတစ်သိန်းကျော်အထိ တိုးချဲ့စိုက်ပျိုးပြီးစီးရန် ကြိုးပမ်းစီမံဆောင်ရွက်နေမှု၊ ရွှေကျင်မြို့နယ်၌ ဧကသုံးသောင်းကျော်အထိ တိုးချဲ့စိုက်ပျိုးမည့်အစီအစဉ်၊ လိုအပ်သည့် ရော်ဘာပျိုးပင်များ စိုက်ပျိုးတည်ထောင်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကာလတိုစီမံကိန်းများ အောင်မြင်စွာ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုနှင့် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမှုများနှင့်အတူ ပဲခူးတိုင်းအနေဖြင့်လည်း အရှိန်အဟုန်ရှိရှိ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နိုင်သည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင် မိမိအနေဖြင့် ရွှေကျင်ဒေသသို့ မရောက်ဖြစ်ခဲ့သည်မှာ ကြာပြီဖြစ်၍ ရွှေကျင်ဒေသ၏ အထွေထွေတိုးတက်ဖွံ့ဖြိုးမှုအခြေအနေတို့ကို ကြည့်ရှုလေ့လာရန်၊ ထို့ပြင် ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် ရွှေကျင် ရေအားလျှပ်စစ်စီမံကိန်းတည်ဆောက်မှုလုပ်ငန်းကိုလည်း ကြည့်ရှုစစ်ဆေးရန် လာရောက်ခြင်းဖြစ်ကြောင်း။

နီးလျက်နှင့်ဝေးခဲ့ရ

ရွှေကျင်ဒေသသည် ရန်ကုန်မြို့နှင့် မိုင်၁၀၀ကျော်သာ ကွာဝေးသည့် ဒေသဖြစ်သော်လည်း တစ်ချိန်တစ်ခါက လမ်းပန်းဆက်သွယ်မှု အခက်အခဲများကြောင့် နီးလျက်နှင့်ဝေးခဲ့ရသည့်သဘောမျိုး ဖြစ်ခဲ့ရကြောင်း။

ရွှေကျင်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အနေဖြင့် လိုအပ်သည့် ညောင်လေးပင်-မဒေါက်လမ်းကို အဆင့်မြှင့်ပြုပြင်ပြီး စစ်တောင်းမြစ်ကူး ရွှေကျင်တံတားကိုလည်း တည်ဆောက်ပေးခဲ့ကြောင်း၊ ထို့ကြောင့် သွားရေးလာရေး လွယ်ကူလာပြီး ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများလည်း တိုးတက်လာလျက်ရှိကြောင်း။

ဆေးရုံအဆင့်တိုးမြှင့်ပေးခဲ့

လမ်းပန်းဆက်သွယ်မှုကောင်းမွန်အောင် ဆောင်ရွက်ပေးသည့်နည်းတူ ဒေသ၏ ပညာရေး၊ ကျန်းမာရေးကဏ္ဍတို့ကိုလည်း တိုးတက်အောင် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ ရွှေကျင်မြို့နယ် ပြည်သူ့ဆေးရုံကို (၁၆)ခုတင်ဆံ့မှ ခုတင်(၁၀၀)ဆေးရုံအဆင့်သို့ တိုးမြှင့်ပေးခဲ့ပြီးဖြစ်ကြောင်း။

မကြာမီ ရွှေကျင် ရေအားလျှပ်စစ်စီမံကိန်း ပြီးစီးသွားသည့်အခါ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများပါ ဖွံ့ဖြိုးလာမည့် အခြေအနေကောင်းများလည်း ရှိနေကြောင်း။

ဤဒေသသည် စစ်တောင်းမြစ်၏ အရှေ့ဘက်ကမ်း၌ အချက်အချာကျသည့် ဒေသဖြစ်၍ ဤဒေသ ဖွံ့ဖြိုးတိုးတက်သွားပါက ဆက်စပ်နေသော ပတ်ဝန်းကျင်ကျေးလက်ဒေသများသည်လည်း ဖွံ့ဖြိုးသွားမည် ဆိုသည့် မျှော်မှန်းချက်ဖြင့် နိုင်ငံတော်အပိုင်းက လိုအပ်သည်များကို ယခုကဲ့သို့ ဖြည့်ဆည်းလုပ်ကိုင်ပေးနေခြင်းဖြစ်ကြောင်း။

ဖိဖိစီးစီးကြိုးစား

နိုင်ငံတော်အပိုင်းက ရွှေကျင်ဒေသအပါအဝင် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအသီးသီး၌ ဖြန့်ကြက်ပြီး ဖွံ့ဖြိုးတိုးတက်ရာ တိုးတက်ကြောင်းအတွက် လိုအပ်သည့်အခြေခံများကို တည်ဆောက်ထူထောင်ပေးနေသည့်နည်းတူ ဒေသခံပြည်သူများအပိုင်းကလည်း နိုင်ငံတော်က ထားရှိသည့် စေတနာအတိုင်း မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို မိမိတို့ကိုယ်တိုင် ဖိဖိစီးစီး ကြိုးစားအားထုတ် အကောင်အထည်ဖော်ကြရန်လိုကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား ရွှေကျင် ရေအားလျှပ်စစ်စီမံကိန်းရှင်းလင်းဆောင်၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် တင်ထွတ်က ရွှေကျင် ရေအားလျှပ်စစ်စီမံကိန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ယင်းသို့ ကြိုးစားအားထုတ်လုပ်ကိုင်ကြရာ၌ ဒေသ၏ စီးပွားရေး အခြေခံအားကောင်းနေရန် အဓိကအရေးကြီးကြောင်း။

ရွှေကျင်ဒေသ၏ အခြေအနေအရ စိုက်ပျိုးရေးကိုအခြေခံ၍ ဒေသ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းသွားရမှာဖြစ်ကြောင်း။

လူနေမှုအဆင့်မြင့်မားလာမည်

ဆန်စပါးအပါအဝင် ရာသီသီးနှံများကို တိုးတက်ထွက်ရှိအောင် နည်းလမ်းများ ရှာကြံလုပ်ကိုင်ရမှာဖြစ်သကဲ့သို့ ဒေသ၌ ဖြစ်ထွန်းအောင်မြင်နိုင်သည့် နှစ်ရှည်ပင်များကိုလည်း တိုးချဲ့စိုက်ပျိုးကြရန်လိုကြောင်း၊ သမားရိုးကျ လယ်ယာထွက်ကုန်သီးနှံများကိုရော အမယ်သစ် ထုတ်ကုန်များကိုပါ တီထွင်ကြံဆ တိုးချဲ့ထုတ်လုပ်သွားမှသာ ဒေသအတွင်းစားရေး ဖူလုံရုံသာမက ဝင်ငွေတိုးပွားလာပြီး လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်လာမှာဖြစ်ကြောင်း။

ရွှေကျင်ဒေသ၏ မြေနှင့်ရာသီအခြေအနေအရ ရော်ဘာစိုက်ပျိုးဖြစ်ထွန်းသည့် ဒေသဖြစ်၍ ရော်ဘာကို တစ်အုပ်တစ်မ အောင်မြင်ဖြစ်ထွန်းအောင် တိုးချဲ့စိုက်ပျိုးကြရန်လိုကြောင်း။

ပြည်တွင်း ပြည်ပဈေးကွက်ရှိသည့် ရော်ဘာကို မိမိအကျိုး၊ ဒေသအကျိုး၊ နိုင်ငံတော်အကျိုးအတွက် စိုက်ပျိုးသွားကြရန်ဖြစ်ကြောင်း။

ရော်ဘာသည် တောင်ကုန်း၊ တောင်စောင်းများ၌ စိုက်ပျိုး၍ရသဖြင့် ဒေသတွင်းရှိ မြေသယံဇာတများကို အပြည့်အဝ အသုံးပြုသွားရန်လိုကြောင်း၊ မြေပြန့်မှာသာ စိုက်၍ပျိုး၍ ရသည်ဆိုသည့် အယူအဆဟောင်းကို ပြောင်းလဲ၍ တောင်ကုန်းတောင်စောင်းများကိုပါ အသုံးချ စိုက်ပျိုးကြရန်ဖြစ်ကြောင်း။

နိုင်ငံတော်အပိုင်း၏ ဖြည့်ဆည်း လုပ်ကိုင်ပေးမှုများအပေါ်အခြေခံ၍ ဒေသခံပြည်သူများက မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ မိမိတို့၏ လူနေမှုဘဝ အဆင့်အတန်းမြင့်မားရေးတို့အတွက် ရှာဖွေကြံဆ ကြိုးစားလုပ်ကိုင်သွားကြရန် အရေးကြီးကြောင်းဖြင့်မှာကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ရွှေကျင်မြို့ ဖွံ့ဖြိုးတိုးတက်မှုကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရွှေကျင်မြို့သို့ရောက်ရှိစဉ် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ခုတင် (၁၀၀)ဆံ့ ရွှေကျင်မြို့နယ် ပြည်သူ့ဆေးရုံသို့သွားရောက်ပြီး ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်းနှင့် ဆေးရုံအဆောက်အအုံကိုလည်းကောင်း၊ ဆောက်လုပ်ဆဲ တိုးချဲ့ဆေးရုံအဆောက်အအုံကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

ရော်ဘာကို တစ်အုပ်တစ်မ အောင်မြင်ဖြစ်ထွန်းအောင်တိုးချဲ့စိုက်ပျိုး

- ❑ ရွှေကျင်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အနေဖြင့် လိုအပ်သည့် ညောင်လေးပင်-မဒေါက်လမ်းကို အဆင့်မြှင့်ပြုပြင်ပြီး စစ်တောင်းမြစ်ကူး ရွှေကျင်တံတားကိုလည်း တည်ဆောက်ပေးခဲ့ကြောင်း၊ ထို့ကြောင့် သွားရေးလာရေးလွယ်ကူလာပြီး ကုန်သန်းရောင်းဝယ်ရေးလုပ်ငန်းများလည်း တိုးတက်လာ၊
- ❑ ဤဒေသသည် စစ်တောင်းမြစ်၏အရှေ့ဘက်ကမ်း၌ အချက်အချာကျသည့်ဒေသဖြစ်၍ ဤဒေသ ဖွံ့ဖြိုးတိုးတက်သွားပါက ဆက်စပ်နေသော ပတ်ဝန်းကျင်ကျေးလက်ဒေသများသည်လည်း ဖွံ့ဖြိုးသွားမည် ဆိုသည့် မျှော်မှန်းချက်ဖြင့် နိုင်ငံတော်အပိုင်းက လိုအပ်သည်များကို ယခုကဲ့သို့ ဖြည့်ဆည်းလုပ်ကိုင်ပေးနေ၊
- ❑ ဆန်စပါးအပါအဝင် ရာသီသီးနှံများကို တိုးတက်ထွက်ရှိအောင် နည်းလမ်းများ ရှာကြံလုပ်ကိုင်ရမှာဖြစ်သကဲ့သို့ ဒေသ၌ ဖြစ်ထွန်းအောင်မြင်နိုင်သည့် နှစ်ရှည်ပင်များကိုလည်း တိုးချဲ့စိုက်ပျိုးကြရန်လိုကြောင်း၊ သမားရိုးကျ လယ်ယာထွက်ကုန်သီးနှံများကိုရော အမယ်သစ်ထုတ်ကုန်များကိုပါ တီထွင်ကြံဆ တိုးချဲ့ထုတ်လုပ်သွားမှသာ ဒေသအတွင်း စားရေးဖူလုံရုံသာမက ဝင်ငွေတိုးပွားလာပြီး လူနေမှုအဆင့်အတန်းမြင့်မားတိုးတက်လာမည်၊
- ❑ ရွှေကျင်ဒေသ၏ မြေနှင့်ရာသီအခြေအနေအရ ရော်ဘာစိုက်ပျိုးဖြစ်ထွန်းသည့်ဒေသဖြစ်၍ ရော်ဘာကို တစ်အုပ်တစ်မ အောင်မြင်ဖြစ်ထွန်းအောင် တိုးချဲ့စိုက်ပျိုးကြရန်လို။

မြဝတီရုပ်မြင်သံကြားအစီအစဉ်များ လက်ရှိအသုံးပြုနေသော PALAPA- C 2 ဂြိုဟ်တုမှ CHINASTAR-1 ဂြိုဟ်တုဖြင့် ပြောင်းလဲထုတ်လွှင့်

ရန်ကုန် မတ် ၁၂

မြဝတီရုပ်မြင်သံကြားအစီအစဉ်များကို လက်ရှိအသုံးပြုနေသော PALAPA C-2 ဂြိုဟ်တုမှ တစ်ဆင့်ထုတ်လွှင့်နေရာမှ မတ်၁ရက်မှစတင်၍ CHINASTAR-1 ဂြိုဟ်တုမှတစ်ဆင့် ပြောင်းလဲထုတ်လွှင့်လျက်ရှိသည်။ ထို့ကြောင့် ဂြိုဟ်တုစလောင်းအသုံးပြုနေသူများသည် CHINASTAR-1 သို့ ရွှေ့ပြောင်းဖမ်းယူကြရမည်ဖြစ်ပြီး ရိုးရိုး Antenna အသုံးပြုဖမ်းယူ နေကြသူများအတွက် ယခုအတိုင်း ဆက်လက်ဖမ်းယူနိုင်ကြောင်း မြဝတီရုပ်မြင်သံကြားက သတင်းထုတ်ပြန်ထားသည်။

CHINASTAR-1 ဂြိုဟ်တုအား ဖမ်းယူရမည့်အချက်အလက်များမှာ Satellite=Chinastar-1, Satellite location=87.5°E, Downlink Frequency=3733.5 MHz, Symbol rate=5.925 MSM/S, FEC=3/4, Polarization=Horizontal, Modulation=QPSK ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၃-၃-၂၀၀၅
(တနင်္ဂနွေနေ့)
နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ယဉ်ကျေးလိမ်မာ ၃၈ဖြာမင်္ဂလာ
၈:၁၀ ၆။ အရေးပြိုင်ပွဲ
၈:၂၀ ၇။ ပိုင်ကျုံရေထိန်းတံခါး
၈:၃၀ ၈။ International News
၈:၄၅ ၉။ Say it in English

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာ သတင်းစဉ်
၁၁:၄၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ပန်းမေတ္တာ"**(အပိုင်း-၁၉)
၁၂:၂၀ ၅။ နတ်သားတောရေလှောင်တမံ
၁၂:၃၀ ၆။ မြန်မာဗီဒီယိုဇာတ်လမ်း **"မင်းရဲ့အနားမှာ"** ရန်အောင်၊ရဲမင်းပိုင်၊ခိုင်သင်းကြည်၊ ယမင်းကိုကို (ဒါရိုက်တာ-ဇမ္ဗူထွန်းသက်လွင်)
၁၄:၃၀ ၇။ ရှမ်းပြည်နယ်အရှေ့ပိုင်း နမ့်မွေတံတား
၁၄:၄၅ ၈။ International News

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၀ ၄။ တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ဆုရတေးများ (၂၀၀၃ခုနှစ်)
၁၆:၅၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၁၇:၁၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇:၂၅ ၇။ တေးဂီတအစီအစဉ်
၁၇:၄၀ ၈။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
၁၇:၅၀ ၉။ ဆိုကြမယ်၊ပျော်ကြမယ်
၁၈:၃၀ ၁၀။ ညနေခင်းသတင်း
၁၉:၀၀ ၁၁။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ခွန်းခြွေသီ တစ်ရာ့တစ်လီ"** (အပိုင်း-၆)
၁၉:၂၅ ၁၃။ ဆွေးနွေးဖွေရှာ ကွန်ပျူတာနည်းပညာ အပိုင်း(၁)
၁၉:၃၅ ၁၄။ နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁၉:၄၅ ၁၅။ အမျိုးသားညီလာခံ ဂုဏ်ပြုတေး
၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်သံသရာ"**(အပိုင်း-၂၆)

မြဝတီရုပ်မြင်သံကြား

၁၃-၃-၂၀၀၅
(တနင်္ဂနွေနေ့)
နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"ဘူတံဘူတသော ပဋ္ဌတိ"**

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Area Characteristics Between Complementary Places (တတိယနှစ်-ပထဝီဝင်) Function and Origins of Psychological Testing (တတိယနှစ်-စိတ်ပညာ)
၄:၄၅ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၀၀ ၆။ အမေးကမ္ဘာတွေးစရာ
၆:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၈။ နိုင်ငံတကာသတင်း
၆:၂၀ ၉။ မိုးလေဝသသတင်း
၆:၂၅ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၁။ လျှပ်တစ်ပြက်
၇:၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရင်မှာတိုးဝှေ့မွှေးနေဆဲ"** (အပိုင်း-၁၃)
၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၅။ မြန်မာ့ရှုခင်း
၁၆။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၁၇။ FA Cup ဘောလုံးပွဲ Newcastle United Vs Tottenham Hotspur

စာမျက်နှာ ၄ မှ

စားသုံးရာတွင်ဖြစ်စေ၊ ကုန်ထုတ်လုပ်ငန်းဆောင်ရွက်ရာတွင် ဖြစ်စေ နိုင်ငံခြားမှ သွင်းကုန်ပစ္စည်းများ အပေါ်၌သာ မှီခိုလုပ်ဆောင်တတ်သည့် အလေ့အကျင့်များကို လျှော့ပေါ့ပြီး သွင်းကုန်အစားထိုးလုပ်ငန်းများကို တိုးချဲ့ထူထောင်နိုင်ရန် သင့်သကဲ့သို့ ပို့ကုန်ပမာဏတိုးတက်ရေးကိုလည်း တီထွင်ကြံဆ အလေးပေးဆောင်ရွက်နိုင်ကြရမည်ဖြစ်ကြောင်း။

သို့မှသာ နိုင်ငံတော်၏ သွင်းကုန်ပို့ကုန် အချိုးအစားကွာဟချက်သည် လျော့နည်းလာပြီး နိုင်ငံတော်၏ ငွေကြေးစနစ်သည်လည်း တည်ငြိမ်ခိုင်မာလာမည်ဖြစ်ကြောင်း၊ ယင်းမျှော်မှန်းချက်များနှင့်အညီ UMFCCI အသင်းချုပ်အနေဖြင့်–

- **အသင်းချုပ်နှင့် အသင်းခွဲ ၄၄ ခု၊ ပြည်နယ်၊တိုင်း အသီးသီးနှင့် မြို့နယ်များအထိ ပါဝင်လာအောင် ကျယ်ကျယ်ပြန့်ပြန့် စည်းရုံးဦးဆောင် ပူးပေါင်းရေး၊**
- **ကုန်သည် လုပ်ငန်းရှင်များ၊ ပြည်သူလူထုနှင့် ပူးပေါင်းပြီး စိုက်ပျိုးရေး လုပ်ငန်းများကို တိုးချဲ့လုပ်ကိုင် ကုန်ထုတ်လုပ်မှု မြှင့်တင်ခြင်း၊ ပြည်ပသို့ တိုးချဲ့တင်ပို့ခြင်း၊**
- **အမယ်သစ် ပို့ကုန်များ ရှာဖွေတိုးချဲ့ တင်ပို့ခြင်း၊ ဈေးကွက်သစ်များ ရှာဖွေခြင်း၊**
- **စက်မှုလက်မှုကဏ္ဍ တိုးတက်အောင်၊ တန်ဖိုးမြင့်ထုတ်ကုန်များ သွင်းကုန် အစားထိုးထုတ်ကုန်များ ထုတ်လုပ်တင်ပို့ရန်၊**
- **နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ရင်ပေါင်တန်း၍ ပါဝင်ဆောင်ရွက်သွားရန်**

အလေးအနက် မှာကြားလိုကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် အမျိုးသားစီးပွားရေး စီမံကိန်းများ ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် လက်ရှိ အကောင်အထည်ဖော်ဆဲ ဖြစ်သော တတိယငါးနှစ်စီမံကိန်း၏ ရည်မှန်းချက်များအနေဖြင့်–

- **စက်မှုနိုင်ငံ တည်ဆောက်ရေးအတွက် ပထမအဆင့် လယ်ယာအခြေခံ စက်မှုလုပ်ငန်း တိုးချဲ့ထူထောင်ရန်နှင့် လိုအပ်မည့် အခြား စက်မှုလုပ်ငန်းများ တစ်ပါတည်း ထူထောင်ရေး၊**
- **စက်မှုလုပ်ငန်းတိုးချဲ့ရေးနှင့် လိုက်လျောညီထွေရှိအောင် လျှပ်စစ်၊ စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊**
- **လယ်ယာသားငါးကဏ္ဍ ပြည်တွင်း စားသုံးမှု ဖူလုံရေးနှင့် ပြည်ပပို့ကုန်တင်ပို့နိုင်အောင် တိုးချဲ့ဆောင်ရွက်ရေး၊**
- **စီးပွားရေးနှင့် ငွေကြေးအခြေခံကောင်းဖြစ်အောင်**
  - **ဘတ်ဂျက်လိုငွေ လျော့နည်းပြီး ပိုငွေဖြစ်ပေါ်ရေး၊**
  - **ငွေဖောင်းပွမှုနှုန်း လျော့နည်းစေရေး၊**
  - **နိုင်ငံခြားငွေ အရအသုံးတွင် ပိုငွေဖြစ်ပေါ်ရေး၊**
  - **စီးပွားရေး တိုးတက်မှုနှုန်း မြင့်မားရေး**

တို့ကို ချမှတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

နှစ်စဉ်မှန်မှန်တိုးတက်နေပြီ

ယင်းသို့ ရည်မှန်းချက်ရှိရှိဖြင့် ကြိုးပမ်း ဆောင်ရွက်ခဲ့သည့်အတွက် ယနေ့အချိန်အခါတွင် ဘတ်ဂျက်လိုငွေ လျှော့ချနိုင်မှု၊ ငွေဖောင်းပွမှုနှုန်း ကျဆင်းလာမှု၊ ပြည်ပပို့ကုန်ပမာဏ တိုးမြှင့်လာမှုအခြေခံကောင်းများနှင့်အတူ နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းမှာလည်း နှစ်စဉ်မှန်မှန်တိုးတက်လျက်ရှိနေပြီဖြစ်ကြောင်း။

ထို့အပြင် ကူးသန်းရောင်းဝယ်မှုတွင် ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်လာခဲ့သည်နှင့်အမျှ ယခုဆိုလျှင် ဥပဒေ၊စည်းမျဉ်း၊စည်းကမ်းလိုက်နာကျင့်သုံးမှု၊ လုပ်ထုံးလုပ်နည်းစနစ်ကျနမှု အလေ့အကျင့်ကောင်းများ တိုးတက်ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

ယင်းသို့ နိုင်ငံတော်အစိုးရက ကုန်သွယ်မှုလုပ်ငန်းများ စနစ်တကျဖြစ်ရေးအတွက် အားပေးဆောင်ရွက်နေပြီဖြစ်၍ ပုဂ္ဂလိကအပိုင်းကဏ္ဍကလည်း ပူးပေါင်းလိုက်နာ ဆောင်ရွက်ကြရန်လိုကြောင်း။

နိုင်ငံတော်အစိုးရနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ကုန်သည်များ၊ လုပ်ငန်းရှင်များအားလုံး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်မှသာလျှင် ဂုဏ်သိက္ခာရှိသော ကုန်သွယ်မှု၊ ဂုဏ်သိက္ခာရှိသော အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များဖြစ်လာမည်ဖြစ်ကြောင်း။

နည်းလမ်းတကျကြိုးပမ်း

ထို့ကြောင့် နိုင်ငံတကာအဆင့်မီ ကုန်သွယ်မှုစနစ်နှင့် နိုင်ငံတကာအဆင့်မီ စီးပွားရေးလုပ်ငန်းရှင်များဖြစ်လာအောင် နည်းလမ်းတကျကြိုးပမ်းကြရန်တိုက်တွန်းလိုကြောင်း၊ နိုင်ငံတော်အစိုးရ၏ စီမံလမ်းညွှန်ပေးမှုအောက်တွင် ပုဂ္ဂလိက ကဏ္ဍ၏ ကြိုးစားအားထုတ်မှုဖြင့် ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ ကုန်သွယ်မှုတိုးတက်ရေး၊ ငွေကြေးဖောင်းပွမှု လျော့နည်းရေး၊ ကုန်သွယ်မှုပိုငွေဖြစ်ပေါ်ရေးနှင့် ကုန်သွယ်မှုပမာဏ တိုးတက်ရေးတို့အတွက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ခဲ့သဖြင့် စီးပွားရေးတိုးတက်ဖြစ်ထွန်းမှု အခြေခံကောင်းများ ရရှိနေပြီဖြစ်ကြောင်း။

ယင်းသို့သော အခြေအနေ၊ အချိန်အခါကောင်းတွင် ယခုနှစ်မှစ၍ အမျိုးသားစီးပွားရေး ဦးမော့လာရေး (Economic Take-off)၊ စီးပွားရေးတိုးတက်မှုအရှိန်အဟုန် မြှင့်တင်ရေး၊ ရေရှည်ခိုင်မာသည့် ဖွံ့ဖြိုးတိုးတက်မှုဖြစ်လာစေရေးတို့အတွက် နည်းမှန်လမ်းမှန်အတိုင်း ဆက်လက်ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ခွဲ၊သတ္တိရှိရှိလုပ်ဆောင်

ထိုနည်းတူစွာပင် နိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံတော်အဖြစ် အသွင်ကူးပြောင်းနိုင်ရေးအတွက် ချမှတ်ထားသည့် နိုင်ငံရေးလုပ်ငန်းအစီအစဉ်များကိုလည်း စီးပွားရေးလုပ်ငန်းရှင်အားလုံးက နားလည်မှုရှိရှိ၊ အသိတရားရှိရှိဖြင့် ကျရာအခန်းကဏ္ဍမှ စိတ်ရောကိုယ်ပါ ပူးပေါင်းအကောင်အထည်ဖော်သွားကြရန် လိုအပ်ကြောင်း၊ တည်ငြိမ်မှုရှိသည့် နိုင်ငံရေးအခြေအနေနှင့် စီးပွားရေးအခြေအနေကောင်းများကို ယိမ်းယိုင်ပျက်ပြားအောင်၊ ယုန်ထင် ကြောင်ထင်ဖြစ်အောင် အခါမလပ် လှုံ့ဆော်ဖန်တီးနေသည့် ပြည်တွင်းအဖျက်သမားအုပ်စုနှင့် သြဇာလွှမ်းမိုးချုပ်ကိုင် ခြယ်လှယ်လိုသည့် ပြည်ပနိုင်ငံကြီးအချို့သည် အချိတ်အဆက်လုပ်ပြီး ဟန့်တားနှောင့်ယှက်နေမှုများ၊ စွပ်စွဲဝေဖန်မှုများ၊ စီးပွားရေးအရ ကန့်သတ်တားဆီးပိတ်ပင်နေမှုများ၊ နိုင်ငံတကာနယ်ပယ်၌ နိုင်ငံတော်ကို အထီးကျန်ဖြစ်အောင် လုပ်ကြံကြိုးပမ်းမှုများကို အမြဲမပြတ်သတိထားပြီး နိုင်ငံတော်၏ အမျိုးသားစီးပွားရေးဘဝ ရှင်သန်ကြီးထွားအောင် ခွဲ၊သတ္တိရှိရှိ အားထုတ်လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း။

ဤနေရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့်အသင်းချုပ်၌ပေါင်းစည်းပါဝင်နေသည့် အဖွဲ့ဝင်များကလည်း မိမိတို့၏ အသင်းဝင်များကို လမ်းကြောင်းမှန်အတိုင်း လျှောက်လှမ်းနိုင်အောင် မှန်မှန်ကန်ကန် တက်တက်ကြွကြွ ဦးဆောင်စည်းရုံးသွားနိုင်ရန် အထူးလိုအပ်ကြောင်းကို ထပ်လောင်းပြောကြားလိုကြောင်း။

ဝိုင်းဝန်းစောင့်ရှောက်

နိဂုံးချုပ်အနေဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကုန်သည်များသည် မိမိတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထိထိမိမိ ကြိုးစားဆောင်ရွက်ကြပါ၊ တိုင်းပြည်နှင့် လူမျိုးကိုချစ်သည့် မွန်မြတ်သည့် စိတ်ဓာတ် အမြဲကိန်းအောင်းခိုင်မြဲနေအောင် မိမိကိုယ်ကို ပြုစုပျိုးထောင်ပါ၊ အချင်းချင်း နားလည်မှု၊ စာနာမှု၊ သည်းခံမှု၊ ညီညွတ်မှုစသည့် ကောင်းမြတ်သော စိတ်ရင်းစေတနာနှင့် အသင်းချုပ်ကြီး တိုးတက်ရာ တိုးတက်ကြောင်းကို တာဝန်သိသိ ဝိုင်းဝန်းစောင့်ရှောက်ကြပါဟု မှာကြားပြီး နှစ်ပတ်လည်အသင်းသား စုံညီအစည်းအဝေးကို ခေတ္တရပ်နားသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် တက်ရောက်လာကြသည့် ဧည့်သည်တော်များ၊ သံတမန်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ကြည့်ရှုအားပေး

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် အသင်းချုပ် အသင်းဝင်ကုမ္ပဏီများက ထုတ်လုပ်ပြီး ပြည်ပပို့ကုန်အဆင့်ရှိသည့် မြန်မာ့ထုတ်ကုန်ပစ္စည်းများကို UMFCCI AGM Exhibition-2005 အဖြစ် ခင်းကျင်းပြသထားသော စားသောက်ကုန်ပစ္စည်းအမျိုးမျိုး၊ တိုင်းရင်းဆေးဝါးများ၊ လျှပ်စစ်ပစ္စည်းအမျိုးမျိုး၊ ရေခဲသေတ္တာနှင့်ရုပ်မြင်သံကြားပြစက်များ၊ အသင့် စားသောက်ကုန်ပစ္စည်းများ၊ စာရေးကိရိယာများ၊ မီးအားမြင့်စက်နှင့် တီဗွီအင်တာနာများ၊ အဝတ်အထည်များ၊ လွယ်အိတ်များ၊ ရိုးရာဝတ်စုံများ၊ အိမ်အလှဆင်ပစ္စည်းများ၊ အမျိုးသမီးသုံး အလှကုန်ပစ္စည်းများ၊ မြန်မာ့ရိုးရာအနုပညာ လက်မှုပစ္စည်းများနှင့် အိမ်သုတ်ဆေးအမျိုးမျိုးတို့ကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

အခမ်းအနားမစတင်မီ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် မြန်မာကွန်ဗင်းရှင်းစင်တာရှေ့၌ ပြသထားသော လိုင်သာယာစက်မှုဇုန်မှ ထုတ်လုပ်သည့် Shwe Thayar Wheel Truck၊ ကျားကိုးကောင် ကားထုတ်လုပ်ရေးမှထုတ်လုပ်သည့် KKK (2) Tons Light Truck၊ တောင်ဥက္ကလာစက်မှုဇုန်မှထုတ်လုပ်သည့် Okkalar Truck၊ ရွှေပြည်သာစက်မှုဇုန် မြန်မာ့အားမာန် မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းမှ ထုတ်လုပ်သည့် ဓာတ်ဆီနှင့် CNGသဘာဝဓာတ်ငွေ့ နှစ်မျိုးပြောင်းလဲ အသုံးပြုနိုင်သည့် Extra CAP၊ လိုင်သာယာစက်မှုမြို့ 333 Groupမှ ထုတ်လုပ်သော မော်တော်ယာဉ်များနှင့် ဥက္ကလာ Light Truck တို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**

နှစ်(၆၀)ပြည့်တပ်မတော်နေ့ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် ပြည်သူတို့နှင့်အတူတကွ လက်တွဲ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

၂။ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကို အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ရေး။

၃။ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ်ကို ပြည်သူလူထုနှင့်အတူ လက်တွဲ ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၄။ အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

ဘုရားသုံးဆူထေရာရာမစာသင်တိုက် မဟာသုဓမ္မသီဟစာမေးပွဲကျင်းပမည်

ရန်ကုန် မတ် ၁၂

ရန်ကုန် အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ် ဘုရားသုံးဆူထေရာရာမစာသင်တိုက် ဓမ္မပါလသာသနာ့ဝေယျာဝစ္စအသင်းက ကြီးမှူး၍ (၁၃)ကြိမ်မြောက် မဟာသုဓမ္မသီဟစာမေးပွဲကို မတ် ၁၄ရက်မှ ၁၆ရက်အထိကျင်းပမည်ဖြစ်ရာ ဘုရားသုံးဆူ ဆရာတော်နှင့် စာဖြေ၊စာစစ် သံဃာတော် စုစုပေါင်း ၄၅ပါးသည် အရဏ်နှင့် နေ့ဆွမ်း၊ ဆုလက်မှတ်များနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းနိုင်ရန်အတွက် မတ်၁၃ရက် ညနေပိုင်းတွင် ရပ်ကွက်လမ်းအသီးသီးသို့ ဆွမ်းဆန်စိမ်းအလှူခံကြွရောက်တော်မူမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

စာအောင်သံဃာဂုဏ်ပြုပွဲကျင်းပမည်

ရန်ကုန် မတ် ၁၂

ပုဇွန်တောင်မြို့နယ် မြသိန်းတန်စာသင်တိုက်၏ ၁၃၆၆ခုနှစ် စာအောင်သံဃာတော်ခုနစ်ပါးအား ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို ၁၃၆၆ခုနှစ် တပေါင်းလဆန်း၄ရက် (မတ်၁၃ရက်) တနင်္ဂနွေနေ့ နံနက်ရနာရီခွဲတွင် မြသိန်းတန်စာသင်ကျောင်းတိုက်၌ ခမ်းနားစွာ ဆင်ယင်ကျင်းပမည်ဖြစ်သည်။

အခမ်းအနားတွင် ကြွရောက်တော်မူကြသည့် စာအောင်သံဃာတော်များအား ရန်ကုန်မြို့ ဗိုလ်မြတ်ထွန်းလမ်းနေ ဦးသန်းဝင်းရွှေနှင့် မောင်နှမတစ်စုတို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ တပည့်ဒါယကာ ဒါယိကာမအပေါင်းအား ပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့က ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

ဖခင်ကြီးဦးကျော်ဝင်းအားရည်စူး၍ ဒဂုံမြို့နယ် ဗဟိုလမ်းထောင့် အလုံလမ်းမကြီး အမှတ် ၅၄ နေ ဒေါ်ခင်လေးကြည်(ရတနာကုန်သည်) မိသားစုက ငွေကျပ် ၁၀ သိန်းကို ပြင်သစ်နိုင်ငံ ပါရီမြို့ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် စာရင်းစစ် ဦးစံမင်းတို့သို့ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်များ ယင်းတို့၏လက်အောက်ခံတရားရုံးများအတွက် ဘဏ္ဍာရေးဆိုင်ရာကိစ္စများနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် သင့်မြတ်သလိုစီမံခန့်ခွဲရန်လုပ်ပိုင်ခွင့်ရှိသင့်

လုပ်ငန်းကော်မတီအဖွဲ့ဝင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသိန်းစိန်၏ ဖတ်ကြားတင်ပြချက်

ရန်ကုန် မတ် ၁၂

၂၀၀၅ခုနှစ် မတ် ၈ရက်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပသော အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအနက် တရားစီရင်ရေးအပိုင်းပါ"တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု"နှင့်စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသား ညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌကိုယ်စား လုပ်ငန်းကော်မတီအဖွဲ့ဝင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်၏ ဖတ်ကြားတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

ဆက်လက်ပြီး **အယူခံမှုစီရင်ပိုင်ခွင့်အာဏာ**နှင့် စပ်လျဉ်း၍ လုပ်ငန်းကော်မတီ၏ လေ့လာတွေ့ရှိချက်များကို တင်ပြပါမည်။ အယူခံမှုစီရင်ပိုင်ခွင့်အာဏာကို ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ဖွဲ့စည်းခဲ့သည့် တရားလွှတ်တော်က ရရှိခဲ့သည့်အပြင် လက်ရှိပြည်နယ်၊ တိုင်းတရားရုံးများကလည်း ရရှိကြကြောင်း၊ နောင်ပေါ်ပေါက်လာမည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်များကိုလည်း အယူခံမှုစီရင်ပိုင်ခွင့်အာဏာ အပ်နှင်းသင့်ပါကြောင်း၊ ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့် မူများအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် လက်အောက်တွင် ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများ ရှိပါမည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းမှာတော့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံးနှင့် မြို့နယ်တရားရုံးများ ဟူ၍လည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသမှာတော့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားရုံးနှင့် မြို့နယ်တရားရုံးများဟူ၍လည်းကောင်း ရှိကြမှာဖြစ်ကြောင်း၊ ထို့ကြောင့် ဥပဒေနှင့်အညီ တင်သွင်းလာသည့် အယူခံမှုများအပေါ် **အယူခံမှုစီရင်ပိုင်ခွင့်အာဏာ**ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်များအား အပ်နှင်းသင့်ပါကြောင်း။

ထို့အပြင် **ပြင်ဆင်မှုစီရင်ပိုင်ခွင့်အာဏာ** ကျင့်သုံးခြင်းနှင့်စပ်လျဉ်း၍ တင်ပြရမည်ဆိုလျှင် လက်အောက်ခံတရားရုံးများ၏ စီရင်ဆုံးဖြတ်ချက်များကို ဥပဒေနှင့်အညီ ဖြစ်စေရန်၊ ညီညွတ်မျှတစေရန်အတွက် အဆင့်မြင့်သည့် တရားရုံးတို့က ကြီးကြပ်ကွပ်ကဲရန် တာဝန်ရှိသည့်အတိုင်း တစ်ဆင့်မြင့်သည့် တရားရုံးက ပြင်ဆင်မှုစီရင်ပိုင်ခွင့်အာဏာကို ဥပဒေနှင့်အညီ ကျင့်သုံးကြကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်အား ဥပဒေနှင့်အညီ ပြင်ဆင်မှုစီရင်ပိုင်ခွင့်အာဏာ အပ်နှင်းသင့်ကြောင်း မိမိတင်ပြခဲ့ပြီး ဖြစ်ကြောင်း။

ထို့ကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော် လက်အောက်ရှိ တရားရုံးတစ်ရုံးရုံးကချမှတ်သည့် စီရင်ချက်၊ အမိန့်၊ဆုံးဖြတ်ချက်အပေါ် ပြင်ဆင်မှုစီရင်ပိုင်ခွင့်အာဏာကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်များအား အပ်နှင်းသင့်ပါကြောင်း တင်ပြအပ်ပါကြောင်း။

တရားစီရင်ရေးအာဏာ ခွဲဝေအပ်နှင်းခြင်းနှင့်စပ်လျဉ်းပြီး အခြေခံရမည့် မူများမှာ နိုင်ငံတော်၏ တရားစီရင်ရေးအာဏာကို "ဥပဒေအရ တည်ထောင်သော အခြားတရားရုံးများနှင့် ဥပဒေနှင့်အညီ ခန့်ထားသော တရားသူကြီးများအား နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေအရလည်းကောင်း၊ အခြားဥပဒေအရ လည်းကောင်း"ခွဲဝေအပ်နှင်းသည်ဆိုသည့်မူကို ချမှတ်ထားပါကြောင်း၊ ထို့ကြောင့် ဥပဒေအရ တည်ထောင်သည့် အခြားတရားရုံးများလည်း ရှိလာမှာဖြစ်ကြောင်း၊ ဤသို့ ဥပဒေအရ တည်ထောင်သည့် အခြားတရားရုံးများက ချမှတ်သည့် စီရင်ချက်၊ အမိန့်နှင့် ဆုံးဖြတ်ချက်အပေါ် အယူခံဝင်ရောက်ခြင်းကိစ္စနှင့်စပ်လျဉ်းပြီး ယခင်က တရားလွှတ်တော်သို့ အယူခံခွင့်ရှိကြောင်း အချို့ဥပဒေများတွင် ပြဋ္ဌာန်းထားရှိသည်ကို လုပ်ငန်းကော်မတီမှ လေ့လာတွေ့ရှိရပါကြောင်း။

ဤသို့ အမှုအခင်းများ စစ်ဆေးဆုံးဖြတ်ခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ အမြတ်ခွန်ဥပဒေ၊ ဝင်ငွေခွန်ဥပဒေ၊ အမြတ်ခွန်ဥပဒေ၊ ၁၉၅၂ခုနှစ် ရောင်းခွန် အက်ဥပဒေ၊ ၁၉၅၆ခုနှစ် ရောင်းဝယ်လုပ်ကိုင်မှုဥပစာခွန် အက်ဥပဒေ၊ ၁၉၄၉ခုနှစ် ဟိုတယ်နှင့်ပျော်ပွဲစားရုံခွန်အက်ဥပဒေ၊ ၁၉၄၇ခုနှစ်ပွဲခွန်အက်ဥပဒေ၊ မြန်မာနိုင်ငံ ယစ်မျိုးအက်ဥပဒေ၊ မြန်မာနိုင်ငံ တံဆိပ်ခေါင်းအက်ဥပဒေ၊ မြန်မာနိုင်ငံရုံးခွန်အက်ဥပဒေ၊ ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေ၊ ကုန်းလမ်းအကောက်ခွန်အက်ဥပဒေများနှင့်ပတ်သက်ပြီး ပေါ်ပေါက်လာသည့် အမှုများကို စစ်ဆေးဆုံးဖြတ်နိုင်ရန် နိုင်ငံတော်အစိုးရအဖွဲ့က ၁၉၈၉ခုနှစ် ဇူလိုင်လ ၂၈ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆/၈၉)ကို ထုတ်ပြန်ပြီး အခွန်အယူခံခုံအဖွဲ့ကို ဖွဲ့စည်းထားကြောင်း၊ အခွန်အယူခံ ခုံအဖွဲ့သည် ပြဋ္ဌာန်းထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ အခွန်အကောက်ဆိုင်ရာ ဥပဒေများအရ တင်သွင်းလာသည့် အယူခံမှုများ၊ ပြင်ဆင်မှုများ၊ ပြန်လည်သုံးသပ်မှုများကို ကြားနာစစ်ဆေး အဆုံးအဖြတ်ပြုရကြောင်း၊ ဥပဒေကြောင်းနှင့် စပ်လျဉ်း၍ ဖြေရှင်းရမည့် အချက်များရှိခဲ့လျှင်လည်း တရားရုံးချုပ်သို့ လွှဲအပ်မှုများ တင်ပေးနိုင်ကြောင်း၊ ထို့ကြောင့် တရားရုံးချုပ်က အခွန်အယူခံခုံအဖွဲ့၏ ဆုံးဖြတ်ချက်များအပေါ် တင်သွင်းလာသည့် ဥပဒေရေးရာပြဿနာများကို အဆုံးအဖြတ်ပေးနိုင်ပါကြောင်း။

နောင်တွင်လည်း ဥပဒေတစ်ရပ်ရပ်၌ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်များအား အဆုံးအဖြတ်ပေးရန် ပြဋ္ဌာန်းချက်များ ပါရှိခဲ့ပါလျှင် ယင်းမှုခင်းမျိုးများကို စစ်ဆေးစီရင်နိုင်ရန်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်များအား **ဥပဒေတစ်ရပ်ရပ်အရ စီရင်ပိုင်ခွင့်အာဏာ**ကို အပ်နှင်းသင့်ပါကြောင်း တင်ပြအပ်ပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်များအား မည်သည့် တရားစီရင်ပိုင်ခွင့်အာဏာများ ခွဲဝေကျင့်သုံးစေသင့်သည်ဆိုသည်နှင့် စပ်လျဉ်းပြီး လုပ်ငန်းကော်မတီက လေ့လာတွေ့ရှိချက်များကို တင်ပြခဲ့ပြီးဖြစ်ပါကြောင်း၊ ဤတင်ပြချက်များရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်များအား အောက်ပါအတိုင်း တရားစီရင်ပိုင်ခွင့်အာဏာများ အပ်နှင်းရန်သင့် မသင့် ဆွေးနွေးအကြံပြုကြရန်ဖြစ်ပါကြောင်း-

"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်များတွင် ဥပဒေနှင့်အညီ အောက်ပါတရားစီရင်ပိုင်ခွင့် အာဏာများရှိသည်-

(၁) မူလမှုကိုစီရင်ခြင်း၊
(၂) အယူခံမှုကိုစီရင်ခြင်း၊
(၃) ပြင်ဆင်မှုကိုစီရင်ခြင်း၊
(၄) ဥပဒေတစ်ရပ်ရပ်အရ အပ်နှင်းထားသော ကိစ္စရပ်များနှင့် စပ်လျဉ်း၍ စီရင်ခြင်း။"

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံနှင့် စပ်လျဉ်းပြီး အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်ရာတွင် နိုင်ငံတော်ကို တိုင်းဒေသကြီးခုနစ်ခု၊ ပြည်နယ်ခုနစ်ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေများဖြင့် ပိုင်းခြားသတ်မှတ်သည်ဟု အသေးစိတ်အခြေခံရမည့်မူများချမှတ်ခဲ့ပါကြောင်း၊ ဤသို့ချမှတ်သည့် အသေးစိတ် အခြေခံရမည့်မူများတွင် နိုင်ငံတော်ကို ဖွဲ့စည်းရာတွင် ပြည်ထောင်စုနယ်မြေများလည်း ပါရှိပြီး၊ ပြည်ထောင်စုနယ်မြေများ သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏ မြို့တော်ဖြစ်သည့် ရန်ကုန်မြို့တော်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ကြောင်း၊ ထူးခြားသော အခြေအနေရှိသည့် ကိုကိုးကျွန်းမြို့နယ်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ကြောင်း အသေးစိတ် အခြေခံရမည့်မူများ ချမှတ်ခဲ့ပါကြောင်း၊ ဤသို့အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ခြင်းအားဖြင့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ထားသည့် ရန်ကုန်မြို့တော်နှင့် ကိုကိုးကျွန်းမြို့နယ်တို့သည် မည်သည့်တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်အောက်တွင်မှမရှိဘဲ နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင်ရှိသည့် သီးခြားနယ်မြေများအဖြစ် ပေါ်ပေါက်လာမှာဖြစ်ကြောင်း၊ ပြည်ထောင်စုနယ်မြေများ သတ်မှတ်ထားရှိရသည့် ရည်ရွယ်ချက်ကတော့ နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးစသည်တို့နှင့် စပ်လျဉ်းပြီး ထူးခြားသည့် အခြေအနေများရှိသည့် နယ်မြေဒေသများ၏ အုပ်ချုပ်ရေးဆိုင်ရာကိစ္စများကို နိုင်ငံတော်သမ္မတအနေဖြင့် တိုက်ရိုက်ကိုင်တွယ်ဆောင်ရွက်နိုင်ဖို့ ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုနယ်မြေများနှင့် စပ်လျဉ်းပြီး အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စအဝဝကိုသာ နိုင်ငံတော်သမ္မတက တိုက်ရိုက်ကိုင်တွယ်ဆောင်ရွက်မှာဖြစ်ပြီး ယင်းနယ်မြေများနှင့် စပ်လျဉ်းသည့် ဥပဒေပြုရေးကို သတ်မှတ်ထားသည့် လွှတ်တော်တွေက ဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း၊ ထိုနည်းတူပင် တရားစီရင်ရေးဆိုင်ရာကိစ္စများနှင့် စပ်လျဉ်း၍လည်း ယင်းပြည်ထောင်စုနယ်မြေများ၌ရှိသည့် တရားရုံးများကို သတ်မှတ်ထားသည့် တရားလွှတ်တော်၏ လက်အောက်တွင် ထားရှိရန်ဖြစ်ကြောင်း၊ အမျိုးသား ညီလာခံက ချမှတ်ထားသည့် အသေးစိတ်အခြေခံရမည့် မူများအရ ပြည်ထောင်စုနယ်မြေတွင် ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများရှိကြမှာဖြစ်ကြောင်း၊ ထို့ကြောင့် တရားစီရင်ရေးဆိုင်ရာကိစ္စအလို့ငှာ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်သည် ပြည်ထောင်စုနယ်မြေများဖြစ်သော ရန်ကုန်မြို့တော်နှင့် ကိုကိုးကျွန်းမြို့နယ်အတွင်းရှိ တရားရုံးများ၏ တရားလွှတ်တော်ဖြစ်ကြောင်း သတ်မှတ်သင့်ပါကြောင်း။

အမျိုးသားညီလာခံက ချမှတ်ခဲ့သည့် နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံနှင့် စပ်လျဉ်းသည့် အသေးစိတ်အခြေခံရမည့်မူများမှာ နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးစသည်တို့နှင့် စပ်လျဉ်းပြီး ထူးခြားသည့် အခြေအနေရှိသည့် နယ်မြေများကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ရန် လိုအပ်လျှင် ဥပဒေပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှု အောက်တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်နိုင်ကြောင်း ပါရှိပါကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရှိဒေသတစ်ခုခုကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်လျှင် ယင်းနယ်မြေနှင့် စပ်လျဉ်း၍ တရားစီရင်ရေးဆိုင်ရာ ကိစ္စအလို့ငှာ သက်ဆိုင်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်သည် ယင်းပြည်ထောင်စု နယ်မြေအတွင်းရှိ တရားရုံးများ၏ တရားလွှတ်တော် ဖြစ်ကြောင်း သတ်မှတ်သင့်ပါကြောင်း။

အမျိုးသား ညီလာခံစုံညီ အစည်းအဝေး၌ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေး ဆွဲ ရာ တွင် ပါ ဝင် မည့် အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ အာ ဏာ ခွဲ ဝေ မှု အပိုင်းများအနက် တရားစီရင်ရေး အပိုင်းပါ "တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု" နှင့် စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသား ညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ကိုယ်စား လုပ်ငန်းကော်မတီ အဖွဲ့ဝင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန် ဖတ်ကြား တင်ပြစဉ်။ (သတင်းစဉ်)

ထို့ကြောင့် ပြည်ထောင်စုနယ်မြေများတွင် တရားစီရင်ရေးဆိုင်ရာ ကိစ္စများနှင့် စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့် မူများကို အောက်ပါအတိုင်း ချမှတ်သင့် မသင့် ဆွေးနွေးအကြံပြုကြရန် ဖြစ်ပါကြောင်း။

"(က) တရားစီရင်ရေးဆိုင်ရာ ကိစ္စအလို့ငှာ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သည် ရန်ကုန်မြို့တော်နှင့် ကိုကိုးကျွန်း မြို့နယ်အတွင်းရှိ တရားရုံးများ၏ တရားလွှတ်တော် ဖြစ်သည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ဒေသ တစ်ခုခုကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်လျှင် တရားစီရင်ရေးဆိုင်ရာ ကိစ္စအလို့ငှာ သက်ဆိုင်ရာ တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်သည် ယင်းပြည်ထောင်စုနယ်မြေအတွင်းရှိ တရားရုံးများ၏ တရား လွှတ်တော်ဖြစ်သည်။"

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်လက်အောက်ရှိ တရားရုံးအဆင့်ဆင့်အား တရားစီရင်ပိုင်ခွင့်အာဏာများ အပ်နှင်းရေးနှင့် စပ်လျဉ်းပြီး ဆက်လက်တင်ပြပါမည်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်များ၏ လက်အောက်ခံ တရားရုံးအဆင့်ဆင့် ဖွဲ့စည်းထားရှိခြင်းနှင့်စပ်လျဉ်းပြီး အသေးစိတ် အခြေခံရမည့်မူများကို ချမှတ်ထားပြီး ဖြစ်ပါကြောင်း၊ ဤသို့ ဖွဲ့စည်းမည့် လက်အောက်တရားရုံးများဖြစ်ကြသည့် ခရိုင်တရားရုံးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားရုံးများ၊ ပြည်ထောင်စု နယ်မြေရှိ ခရိုင်တရားရုံးများအား မူလမှုစီရင်ပိုင်ခွင့် အာဏာများကိုလည်းကောင်း၊ ယင်းတို့၏လက်အောက်ရှိ မြို့နယ်တရားရုံးက ချမှတ်သည့် စီရင်ချက်၊ အမိန့်၊ ဆုံးဖြတ်ချက်အပေါ် အယူခံမှုစီရင်ပိုင်ခွင့်နှင့် ပြင်ဆင်မှုစီရင်ပိုင်ခွင့်များ ကိုလည်းကောင်း အပ်နှင်းသင့်ပါကြောင်း။

ထို့ပြင် တည်ဆဲဥပဒေအချို့တွင် ယင်းဥပဒေများပါအမှုများကို မည်သည့် တရားရုံးကသာ စီရင်ပိုင်ခွင့်ရှိသည်ဟူ၍ ပြဋ္ဌာန်းချက်များ ပါရှိပါကြောင်း၊ နောင်ပြဋ္ဌာန်းမည့် ဥပဒေများတွင်လည်း ယင်းဥပဒေများပါ အမှုများကို မည်သည့်တရားရုံးကသာ စီရင်ပိုင်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထားချက်များ ရှိလာနိုင်ပါကြောင်း၊ ဤသို့ ဥပဒေတစ်ရပ်ရပ်အရ စီရင်ပိုင်ခွင့် အပ်နှင်းထားလျှင် ကျင့်သုံးနိုင်အောင် ခရိုင်တရားရုံးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံး

စာမျက်နှာ ၁၂ ကော်လံ ၁

ပြည်ထောင်စုနယ်မြေရှိ တရားရုံးများ

❐ ပြည်ထောင်စုနယ်မြေများနှင့် စပ်လျဉ်းပြီး အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စအဝဝကိုသာ နိုင်ငံတော်သမ္မတက တိုက်ရိုက်ကိုင်တွယ်ဆောင်ရွက်မှာဖြစ်ပြီး ယင်းနယ်မြေများနှင့် စပ်လျဉ်းသည့် ဥပဒေပြုရေးကို သတ်မှတ်ထားသည့် လွှတ်တော်တွေက ဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း၊ ထိုနည်းတူပင် တရားစီရင်ရေးဆိုင်ရာကိစ္စများနှင့် စပ်လျဉ်း၍လည်း ယင်းပြည်ထောင်စုနယ်မြေများ၌ရှိသည့် တရားရုံးများကို သတ်မှတ်ထားသည့် တရားလွှတ်တော်၏ လက်အောက်တွင် ထားရှိရန်ဖြစ်။

ပြည်ထောင်စုတစ်ဝန်းလုံးတွင် တရားစီရင်ရေးဆိုင်ရာ ကိစ္စအဝဝကို ဥပဒေနှင့်အညီ ခန့်ထားသည့် တရားသူကြီးများက စီမံဆောင်ရွက်ရမှာဖြစ်

စာမျက်နှာ ၁၁မှ

များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားရုံးများအား ဥပဒေတစ်ရပ်ရပ်အရ အပ်နှင်းထားသော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စီရင်ပိုင်ခွင့်အာဏာကို ပေးအပ်သင့်ပါကြောင်း တင်ပြအပ်ပါကြောင်း။

ထို့ကြောင့် ခရိုင်တရားရုံးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံးများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားရုံးများအား အောက်ပါအတိုင်း စီရင်ပိုင်ခွင့် အာဏာ အပ်နှင်းသင့် မသင့် ဆွေးနွေးအကြံပြုကြရန် ဖြစ်ပါကြောင်း–

"ခရိုင်တရားရုံးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားရုံးများသည် ဥပဒေနှင့်အညီ ပြစ်မှုဆိုင်ရာ မူလမှုများ၊ တရားမမူလမှုများကို လည်းကောင်း၊ အယူခံမှုများနှင့် ပြင်ဆင်မှုများကိုလည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရ အပ်နှင်းထားသော ကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း စီရင်ပိုင်ခွင့်အာဏာ ရှိသည်။"

မြို့နယ်တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာများနှင့်စပ်လျဉ်း၍ လုပ်ငန်းကော်မတီ၏ လေ့လာတွေ့ရှိချက်များကို ဆက်လက်တင်ပြပါမည်။ မြို့နယ်တရားရုံးများကတော့ မူလမှုများသာ စစ်ဆေးရမည့် အခြေခံကျသည့် တရားရုံးများ ဖြစ်ကြကြောင်း၊ ထို့အပြင် ဥပဒေတစ်ရပ်ရပ်အရ အပ်နှင်းထားသော ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် အမှုများကိုလည်း စီရင်ပိုင်ခွင့်ရှိသင့်ပါကြောင်း၊ ထို့ကြောင့် မြို့နယ်တရားရုံးများအား အောက်ဖော်ပြပါအတိုင်း စီရင်ပိုင်ခွင့် အာဏာများ အပ်နှင်းသင့် မသင့် ဆွေးနွေးအကြံပြုကြရန် ဖြစ်ပါကြောင်း–

"မြို့နယ်တရားရုံးများသည် ဥပဒေနှင့်အညီ ပြစ်မှုဆိုင်ရာ မူလမှုများ၊ တရားမမူလမှုများကိုလည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရ အပ်နှင်းထားသော ကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း စီရင်ပိုင်ခွင့်အာဏာရှိသည်။"

ပြည်ထောင်စုတစ်ဝန်းလုံးတွင် တရားစီရင်ရေးဆိုင်ရာ ကိစ္စအဝဝကို ဖွဲ့စည်းပုံအခြေခံဥပဒေအရဖြစ်စေ၊ အခြားဥပဒေတစ်ရပ်ရပ်အရဖြစ်စေ ဖွဲ့စည်းသည့် တရားရုံးများတွင် ဥပဒေနှင့်အညီ ခန့်ထားသည့် တရားသူကြီးများကစီမံဆောင်ရွက်ရမှာဖြစ်ကြောင်း၊ ဤသို့တရားသူကြီးများတွင် တာဝန်ရှိကြမှာဖြစ်သည့်အတွက် တရားသူကြီးများ ခန့်ထားခြင်း၊ ယင်းတို့အား စီရင်ပိုင်ခွင့် အာဏာများ အပ်နှင်းခြင်း၊ ယင်းတို့၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များ သတ်မှတ်ခြင်း၊ ယင်းတရားရုံးများတွင် ဝန်ထမ်းအဖွဲ့အစည်း ဖွဲ့စည်းခြင်း၊ တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့် ရပိုင်ခွင့်များ သတ်မှတ်ပေးခြင်းတို့နှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံက အောက်ပါအတိုင်း အသေးစိတ် အခြေခံရမည့်မူများ ချမှတ်ထားခဲ့ပြီး ဖြစ်ပါကြောင်း–

"(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် လက်အောက်ရှိ တရားရုံးအဆင့်ဆင့်တွင် တရားသူကြီးများ ခန့်ထားခြင်း၊ စီရင်ပိုင်ခွင့်များအပ်နှင်းခြင်း၊ တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့် ရပိုင်ခွင့်များ သတ်မှတ်ခြင်းတို့သည် ဥပဒေနှင့်အညီ ဖြစ်စေရမည်။

(ခ) ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်များနှင့် ကျန်တရားရုံးများတွင် အရာရှိအဆင့် ဝန်ထမ်းများ၊ အခြားအဆင့် ဝန်ထမ်းများ ပါဝင်သည့် ဝန်ထမ်းအဖွဲ့အစည်း ဖွဲ့စည်းခြင်း၊ တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့် ရပိုင်ခွင့်များ သတ်မှတ်ခြင်းတို့သည် ဥပဒေနှင့်အညီ ဖြစ်စေရမည်။"

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာမည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်များနှင့် လက်အောက်ခံ တရားရုံး အဆင့်ဆင့်တို့က တရားစီရင်ပိုင်ခွင့်အာဏာများကို နည်းလမ်းတကျ ကျင့်သုံးရေး၊ တရားရုံးအသီးသီး၏ လုပ်နည်းစနစ်များ ပီပြင်ထိရောက်စေရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ တရားရုံးများ ကြီးကြပ်ကွပ်ကဲမှု၊ တရားစီရင်ရေးဆိုင်ရာ စီမံအုပ်ချုပ်မှု၊ တရားရုံးဝန်ထမ်းများ ခန့်ထားမှုဆိုင်ရာ ကိစ္စများနှင့် စပ်လျဉ်း၍လည်းကောင်း၊ တရားသူကြီးများ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များ သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ လိုအပ်သည့် ဥပဒေများကို ပြဋ္ဌာန်းကြရဦးမှာ ဖြစ်ကြောင်း။

တရားစီရင်ရေးနှင့် စပ်လျဉ်းသည့် ဥပဒေပြဋ္ဌာန်းခြင်း၊ လက်အောက် တရားရုံး အဆင့်ဆင့်၏ လုပ်နည်းစနစ်များ သတ်မှတ်ခြင်း၊ တရားရုံးများအား ကြီးကြပ်ကွပ်ကဲခြင်း၊ တရားစီရင်ရေးဆိုင်ရာ စီမံခန့်ခွဲခြင်း၊ တရားသူကြီးများ နှင့် ရုံးဝန်ထမ်းများ ခန့်ထားခြင်း၊ ရှေ့နေအဖြစ် ဆောင်ရွက်ခွင့်နှင့် ရှေ့နေကျင့်ဝတ် ထိန်းသိမ်းခြင်းစသည့် ကိစ္စများနှင့်စပ်လျဉ်း၍ နောင်ပေါ်ပေါက်လာမည့် ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်းမည် ဖြစ်သည့်အကြောင်းကို ရှေးဦးပိုင်းဥပဒေပြုရေးကဏ္ဍ၌ ထည့်သွင်းတင်ပြခဲ့ပြီး ဖြစ်ကြောင်း၊ ဤသို့ ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း တင်သွင်းရေးအတွက် သတ်မှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူတွင် ပါရှိပြီးဖြစ်၍ ယခုတင်ပြသည့် တရားစီရင်ပိုင်ခွင့်အာဏာ ခွဲဝေမှုအပိုင်းတွင် အသေးစိတ် အခြေခံရမည့်မူအဖြစ် ထပ်မံချမှတ်ရန် လိုအပ်မည်မဟုတ်ကြောင်း၊ သို့သော် တရားစီရင်ရေးဆိုင်ရာ ကိစ္စအဝဝကို စီမံဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း အသေးစိတ် အခြေခံရမည့် မူတစ်ရပ် ချမှတ်သင့် မသင့် ဆွေးနွေးအကြံပြုကြရန်ဖြစ်ပါကြောင်း–

"ပြည်ထောင်စုတစ်ဝန်းလုံးတွင် တရားစီရင်ရေးဆိုင်ရာ ကိစ္စအဝဝကို ဤဖွဲ့စည်းပုံအခြေခံဥပဒေအရဖြစ်စေ၊ အခြားဥပဒေတစ်ရပ်ရပ်အရဖြစ်စေ ဖွဲ့စည်းသည့် တရားရုံးများတွင် ဥပဒေနှင့်အညီ ခန့်ထားသော တရားသူကြီးများက စီမံဆောင်ရွက်ရမည်။"

ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်များ၊ ယင်းတို့၏ လက်အောက်ခံ တရားရုံးများအတွက် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စများနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် သင့်မြတ်သလို စီမံခန့်ခွဲကြီးကြပ်ရန် လုပ်ပိုင်ခွင့်ရှိသင့်ပါကြောင်း၊ ယင်းလုပ်ငန်းတာဝန်များကို ပြည်ထောင်စု တရားလွှတ်တော်ချုပ်က ဆောင်ရွက်သည့်နေရာတွင် တရားရုံးအဆင့်ဆင့်၏ ရသုံးမှန်းခြေ ငွေစာရင်းကိစ္စများ၊ တစ်နည်းအားဖြင့် နှစ်စဉ်ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ကိစ္စများကိုပါ တာဝန်ယူဆောင်ရွက်ရန် လိုအပ်မှာ ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်အား အောက်ပါအတိုင်း တာဝန်နှင့် လုပ်ပိုင်ခွင့်များ အပ်နှင်းသင့် မသင့် ဆွေးနွေးအကြံပြုကြရန် ဖြစ်ပါကြောင်း–

"ပြည်ထောင်စု တရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးဆိုင်ရာ ဘဏ္ဍာငွေ အရအသုံးစာရင်းများကို ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စု၏ နှစ်စဉ်ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတွင် ထည့်သွင်းတင်ပြနိုင်ရန် ပြည်ထောင်စုအစိုးရထံ တင်ပြရမည်။"

ပြည်ထောင်စုတရားသူကြီးချုပ်သည် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင်ဖြစ်စေ၊ ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် အစည်းအဝေးတွင်ဖြစ်စေ၊ နိုင်ငံတော် သို့မဟုတ် အများပြည်သူတို့နှင့် သက်ဆိုင်သည့် အရေးကြီးသော တရားစီရင်ရေးဆိုင်ရာ အခြေအနေကို အခါအားလျော်စွာ စာဖြင့်ရေးသား တင်ပြခွင့်ရှိစေသင့်ပါကြောင်း၊ ထို့ကြောင့် ယင်းကိစ္စနှင့် စပ်လျဉ်းပြီး အောက်ပါအတိုင်း အသေးစိတ် အခြေခံရမည့် မူတစ်ရပ်ချမှတ် သင့် မသင့် ဆွေးနွေးအကြံပြုကြရန် ဖြစ်ပါကြောင်း။

"ပြည်ထောင်စုတရားသူကြီးချုပ်သည် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင်ဖြစ်စေ၊ ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသား လွှတ်တော်အစည်းအဝေးတွင်ဖြစ်စေ နိုင်ငံတော် သို့မဟုတ် အများ ပြည်သူတို့နှင့် သက်ဆိုင်သည့် အရေးကြီးသောတရားစီရင်ရေး ဆိုင်ရာ အခြေအနေကို အခါအားလျော်စွာ တင်ပြနိုင်သည်။"

မိမိတင်ပြခဲ့သည့် လေ့လာတွေ့ရှိချက်များနှင့် သုံးသပ်ချက်များအပေါ် အခြေပြုပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် တရားစီရင်ရေး ဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းနှင့် စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများကို စုစည်းလျက် အောက်ပါအတိုင်း တင်ပြအပ်ပါကြောင်း–

၁။ **(က) ပြည်ထောင်စုတရားလွှတ်တော်ချုပ်၌သာ အောက်ပါ ကိစ္စရပ်များအတွက် မူလမှုစီရင်ပိုင်ခွင့်အာဏာများ ရှိသည်–**

(၁) ပြည်ထောင်စုနိုင်ငံတော်က ချုပ်ဆိုသော ပြည်ထောင်အချင်းချင်း စာချုပ်များနှင့် စပ်လျဉ်း၍ ပေါ်ပေါက်လာသော ကိစ္စရပ်များ၊

(၂) ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရတို့အကြား ဖြစ်ပွားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဿနာများမှအပ အခြားအငြင်းပွားမှုများ၊

(၃) တိုင်းဒေသကြီးအချင်းချင်း၊ ပြည်နယ်အချင်းချင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အချင်းချင်း၊ ပြည်ထောင်စုနယ်မြေများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အချင်းချင်းတို့အကြား ဖြစ်ပွားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဿနာများမှအပ အခြားအငြင်းပွားမှုများ၊

(၄) ဥပဒေတစ်ရပ်ရပ်အရ သတ်မှတ်ထားသော အခြားကိစ္စရပ်များ။

(ခ) ပြည်ထောင်စု တရားလွှတ်တော်ချုပ်သည် နိုင်ငံတော်၏ အမြင့်ဆုံး တရားရုံးဖြစ်သည့်အားလျော်စွာ နောက်ဆုံး အပြီးအပြတ် အယူခံဝင်ရာ တရားရုံးလည်းဖြစ်သည်။

(ဂ) ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ စီရင်ချက်များသည် အမှုအားလုံးတွင် အပြီးအပြတ်ဖြစ်၍ အယူခံဝင်ခွင့်မရှိစေရ။

(ဃ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ဤဖွဲ့စည်းပုံ အခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ အခြားဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကိုဖြစ်စေ မဆန့်ကျင်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်၏ စီရင်ချက်များကို ဆုံးဖြတ်နိုင်သော အယူခံမှုစီရင်ပိုင်ခွင့်အာဏာရှိသည်။ ထို့အပြင် အခြားတရားရုံးများက ချမှတ်သော စီရင်ချက်များကိုလည်း ဥပဒေနှင့်အညီ စစ်ဆေးဆုံးဖြတ်နိုင်သော အယူခံမှု စီရင်ပိုင်ခွင့်အာဏာရှိသည်။

(င) ပြည်ထောင်စု တရားလွှတ်တော်ချုပ်သည် ဥပဒေနှင့် အညီ ပြင်ဆင်မှုစီရင်ပိုင်ခွင့်အာဏာရှိသည်။

၂။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည်–

(က) အောက်ပါစာချွန်တော်အမိန့်များကို ထုတ်ပိုင်ခွင့်အာဏာရှိသည်–

(၁) ရှေ့တော်သွင်း စာချွန်တော်အမိန့်၊

(၂) အာဏာပေး စာချွန်တော်အမိန့်၊

(၃) တားမြစ်စေ စာချွန်တော်အမိန့်၊

(၄) အာဏာပိုင်မေး စာချွန်တော်အမိန့်၊

(၅) အမှုခေါ် စာချွန်တော်အမိန့်၊

(ခ) နိုင်ငံတော်အတွင်း အရေးပေါ်အခြေအနေများ ပေါ်ပေါက်ကြောင်း ကြေညာသည့်ဒေသတွင် စာချွန်တော်အမိန့် ထုတ်ဆင့်ပေးရန် လျှောက်ထားချက်များကို ရပ်ဆိုင်းထားရမည်။

၃။ **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်များတွင် ဥပဒေနှင့်အညီ အောက်ပါတရားစီရင်ပိုင်ခွင့် အာဏာများရှိသည်–**

(က) မူလမှုကို စီရင်ခြင်း၊

(ခ) အယူခံမှုကို စီရင်ခြင်း၊

(ဂ) ပြင်ဆင်မှုကို စီရင်ခြင်း၊

(ဃ) ဥပဒေတစ်ရပ်ရပ်အရ အပ်နှင်းထားသော ကိစ္စရပ်များနှင့် စပ်လျဉ်း၍ စီရင်ခြင်း။

၄။ **(က) တရားစီရင်ရေးဆိုင်ရာ ကိစ္စအလို့ငှာ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သည် ရန်ကုန်မြို့တော်နှင့် ကိုကိုးကျွန်းမြို့နယ်အတွင်းရှိ တရားရုံးများ၏ တရားလွှတ်တော်ဖြစ်သည်။**

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ဒေသတစ်ခုကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်လျှင် တရားစီရင်ရေးဆိုင်ရာ ကိစ္စအလို့ငှာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်သည် ယင်းပြည်ထောင်စုနယ်မြေအတွင်းရှိ တရားရုံးများ၏ တရားလွှတ်တော်ဖြစ်သည်။

၅။ **ခရိုင်တရားရုံးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံးများ၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ တရားရုံးများသည် ဥပဒေနှင့်အညီ ပြစ်မှုဆိုင်ရာ မူလမှုများ၊ တရားမမူလမှုများကို လည်းကောင်း၊ အယူခံမှုများနှင့် ပြင်ဆင်မှုများကို လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရ အပ်နှင်းထားသော ကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း စီရင်ပိုင်ခွင့် အာဏာရှိသည်။**

၆။ **မြို့နယ်တရားရုံးများသည် ဥပဒေနှင့်အညီ ပြစ်မှုဆိုင်ရာ မူလမှုများ၊ တရားမ မူလမှုများကိုလည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရ အပ်နှင်းထားသော ကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း စီရင်ပိုင်ခွင့်အာဏာရှိသည်။**

၇။ **ပြည်ထောင်စုတစ်ဝန်းလုံးတွင် တရားစီရင်ရေးဆိုင်ရာ ကိစ္စအဝဝကို ဤဖွဲ့စည်းပုံအခြေခံဥပဒေအရဖြစ်စေ၊ အခြား ဥပဒေတစ်ရပ်ရပ်အရ ဖြစ်စေ ဖွဲ့စည်းသည့် တရားရုံးများတွင် ဥပဒေနှင့်အညီ ခန့်ထားသော တရားသူကြီးများက စီမံဆောင်ရွက်ရမည်။**

၈။ **ပြည်ထောင်စု တရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးဆိုင်ရာ ဘဏ္ဍာငွေအရအသုံးစာရင်းများကို ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စု၏ နှစ်စဉ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတွင် ထည့်သွင်းတင်ပြနိုင်ရန် ပြည်ထောင်စုအစိုးရထံ တင်ပြရမည်။**

၉။ **ပြည်ထောင်စု တရားသူကြီးချုပ်သည် ပြည်ထောင်စု လွှတ်တော် အစည်းအဝေးတွင်ဖြစ်စေ၊ ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် အစည်းအဝေးတွင်ဖြစ်စေ နိုင်ငံတော် သို့မဟုတ် အများပြည်သူတို့နှင့် သက်ဆိုင်သည့် အရေးကြီးသော တရားစီရင်ရေးဆိုင်ရာ အခြေအနေကို အခါ အားလျော်စွာ တင်ပြနိုင်သည်။**

မိမိ စုစည်းတင်ပြထားသည့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းနှင့်စပ်လျဉ်းပြီး အသေးစိတ် အခြေခံရမည့်မူများကို ချမှတ်ရန် သင့်မသင့် ကိုယ်စားလှယ်တော်ကြီးများအနေဖြင့် ဆွေးနွေးအကြံပြုရန် ဖြစ်ကြောင်း ထပ်လောင်းမေတ္တာရပ်ခံရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံး ပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန်လိုအပ်သည့်ကိစ္စမှအပ မော်တော်ယာဉ်များမသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၅ ခုနှစ်၊ မတ်လအတွက်

(၁၃-၃-၂၀၀၅)ရက်နေ့

နှင့်

(၂၇-၃-၂၀၀၅)ရက်နေ့

13-3 (12).p65 1 3/29/05, 10:47 AM

ဘရူနိုင်းဘုရင့်ဖလား(ယူ-၂၁)ဘောလုံးပြိုင်ပွဲ

မြန်မာလူငယ်က စင်ကာပူလူငယ်ကို ဂိုးပြတ်နိုင်

ရန်ကုန် မတ် ၁၂

၂၀၀၅ ခုနှစ် ဒုတိယအကြိမ် ဘရူနိုင်းဘုရင့်ဖလား အသက်(၂၁)နှစ်အောက် လူငယ်ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့ညနေပိုင်းက ဘရူနိုင်းနိုင်ငံ ဘန်ဒါဆရီဘီဂါဝမ်မြို့၌ စတင်ကျင်းပရာ မြန်မာလူငယ်အသင်းက စင်ကာပူလူငယ်အသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

အနိုင်ရရှိ

မြန်မာလူငယ်အသင်းက ပထမပိုင်းမှာပင် လေးဂိုးအသာဖြင့် ဦးဆောင်ပြီး ဒုတိယပိုင်း၌ နှစ်ဂိုးထပ်မံသွင်းယူနိုင်၍ ခြောက်ဂိုးပြတ် အနိုင်ရရှိသွားခြင်းဖြစ်သည်။ မြန်မာလူငယ်အသင်းအတွက် အနိုင်ဂိုးများကို မာလက နှစ်ဂိုး၊ ကျော်သူရ၊ ခင်မောင်ထွန်း၊ စိုးလင်းထွန်းနှင့် ရန်ပိုင်တို့က တစ်ဂိုးစီသွင်းယူပေးခဲ့သည်။

ပွဲစဉ်ပြောင်းလဲ

မူလက မတ် ၁၂ရက်တွင် လာအိုလူငယ်အသင်းနှင့် မြန်မာလူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားရန်ဖြစ်သော်လည်း ကမ္ဘောဒီးယားလူငယ်အသင်းက ပြိုင်ပွဲနီးမှနုတ်ထွက်သွား၍ ပွဲစဉ်ပြောင်းလဲကာ စင်ကာပူလူငယ်အသင်းနှင့် မြန်မာလူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရခြင်းဖြစ်သည်။

မြန်မာလူငယ်အသင်းသည် မတ် ၁၆ ရက်တွင် ဒုတိယပွဲစဉ်အဖြစ် ဘရူနိုင်းလူငယ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

မြန်မာလူငယ်လက်ရွေးစင်အသင်းနှင့် စင်ကာပူလူငယ်လက်ရွေးစင်အသင်းတို့ပွဲတွင် မြန်မာလူငယ်လက်ရွေးစင်အသင်းမှ မာလက စင်ကာပူအသင်းဘက်သို့ ဆဋ္ဌမမြောက်ဂိုး သွင်းယူလိုက်စဉ်။ (အား/ကာ)

ကမ္ဘာတစ်လွှား အားကစား

၂၀၀၆ ကမ္ဘာ့ဖလားခြေစစ်ပွဲအကြို ခြေစမ်းပွဲများယှဉ်ပြိုင် အာဂျင်တီးနားနှင့်မက္ကဆီကိုတို့သရေကျ၊ ကိုလံဘီယာရှုံးပွဲကြုံရ

လော့စ်အိန်ဂျလိစ် မတ် ၁၁

၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားခြေစစ်ပွဲအကြိုအဖြစ် နိုင်ငံတကာဘောလုံးအသင်းများ ခြေစမ်းပွဲများကစားလျက်ရှိရာ အာဂျင်တီးနားနှင့် မက္ကဆီကို၊ အမေရိကန်နှင့်ကိုလံဘီယာအသင်းတို့ မတ် ၁၀ရက်က ခြေစမ်းပွဲကစားကြရာ အာဂျင်တီးနားနှင့် မက္ကဆီကိုတို့ တစ်ဂိုးစီသရေပွဲဖြစ်သွားပြီး အမေရိကန်အသင်းက ကိုလံဘီယာအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

တောင်အမေရိကဇုန်တွင် ကမ္ဘာ့ဖလားခြေစစ်ပွဲ၌ ရှုံးပွဲမရှိသေးသော အာဂျင်တီးနားအသင်းသည် မက္ကဆီကိုအသင်းကို လော့စ်အိန်ဂျလိစ်၌ သရေကျအောင် ကြိုးစားကစားခဲ့ရသည်။ မက္ကဆီကိုအသင်းက ပွဲချိန်ပထမပိုင်းတွင် ပိုမိုထိုးဖောက်ကစားနိုင်ပြီး ကစားကွက်အသာစီးရကာ အာဂျင်တီးနားနောက်တန်းကို အကြိမ်ကြိမ်ထိုး ဖောက်ကစားရာမှ ပွဲချိန် ၂၂မိနစ်တွင် အာဂျင်တီးနား နောက်ခံလူ ဖာဗရီစီဂိုဖူရင့် ဘောလုံးဖျက်ထုတ်ရာမှ ဂိုးဝင်သွားသဖြင့် မက္ကဆီကိုတို့ တစ်ဂိုးစတင်ရရှိ သွားသည်။

ပထမပိုင်းတစ်ချိန်လုံး အာဂျင်တီးနားတို့ မက္ကဆီကိုအသင်း၏တိုက်စစ်ဆင်ထိုး ဖောက်မှုကို ဟန့်တားထိန်းကစားရင်း တန်ပြန်တိုက်စစ်ဆင်ကစားနိုင်ခဲ့သည်။



ဟန့်တား

အာဂျင်တီးနားနှင့် မက္ကဆီကိုအသင်းတို့ခြေစမ်းပွဲတွင် အာဂျင်တီးနား တိုက်စစ်မှူး ရီလန်ဒိုဇာရာတီ(ယာ)**ထိုးဖောက်မှုကို မက္ကဆီကိုမှ ရီဒရိုင်ရစ်ဇ်**(ဝဲ)**ဟန့်တားစဉ်။**

(ဓာတ်ပုံ- အင်တာနက်)

ဒုတိယပိုင်းတွင် အာဂျင်တီးနားတို့ ကွင်းလယ်ကစားကွက်ကို စိုးမိုးကစားနိုင်ခဲ့ရာမှ မက္ကဆီကိုအသင်းဘက်သို့ ထိုးဖောက်ကစားရာ ပွဲချိန် ၆၈မိနစ်တွင် အာဂျင်တီးနားတိုက်စစ်မှူး ရီလန်ဒိုဇာရာတီက ချေပဂိုး သွင်းယူနိုင်ခဲ့သဖြင့် တစ်ဂိုးစီသရေကျခဲ့ခြင်းဖြစ်သည်။

လက်စွမ်းပြကာကွယ်

ယခုပွဲတွင် အိုလံပစ်ရွှေတံဆိပ်ရရှိခဲ့သော အာဂျင်တီးနားအသင်းမှ ဂိုးသမား လူစ်ဖ်လက်စွမ်းပြကာကွယ်နိုင်မှုများကြောင့် အာဂျင်တီးနားတို့ မရှုံးခဲ့ရခြင်း ဖြစ်သည်။

အမေရိကန်နှင့်ကိုလံဘီယာ

မတ် ၂၆ရက်တွင် ကမ္ဘာ့ဖလားခြေစစ်ပွဲများ ပြန်လည်ကစားကြရမည်ဖြစ်ရာ တောင်အမေရိကမှ ကိုလံဘီယာအသင်း အကြိုခြေစမ်းပွဲအဖြစ် မတ်၁၀ရက်က ကယ်လီဖိုးနီးယားပြည်နယ် ဖူလာတန်မြို့ တီတန်အားကစားကွင်း၌ အမေရိကန်အသင်းနှင့်ကစားရာ ကိုလံဘီယာတို့ မမျှော်လင့်ဘဲ ဂိုးပြတ် ရှုံးနိမ့်သွားခဲ့ရသည်။

ယှဉ်လု

အမေရိကန်နှင့် ကိုလံဘီယာတို့ ခြေစမ်းပွဲတွင် ကိုလံဘီယာမှ ရီစတာဖို(ယာ)**နှင့် အမေရိကန်မှ စတီဗင်ရယ်စတန်တို့ ဘောလုံးယှဉ်လုစဉ်။**

(ဓာတ်ပုံ- အင်တာနက်)

ကိုလံဘီယာအသင်း ခြေစွမ်းတည်ငြိမ်မှုမရှိဘဲဖြစ်နေရာ အမေရိကန်အသင်း၏ ထိုးဖောက်တိုက်စစ်ဆင်မှုကို ကြိုးစားဟန့်တားကာကွယ်ရင်း ဂိုးများပေးခဲ့ရခြင်းဖြစ်သည်။

ကိုလံဘီယာနောက်တန်းအားနည်းပြီးအမှားအယွင်းနှင့် နားလည်မှုလွဲမှားနေလျက်ရှိရာမှ ပွဲချိန်၂၅မိနစ်တွင် အမေရိကန်မှ ချက်မာရှယ်က အဖွင့်ဂိုးသွင်းယူပေးခဲ့သည်။

အမေရိကန်တို့ ဆက်လက်ဖိကစားထားရာမှ ပွဲချိန်၃၃မိနစ်တွင် ချက်မာရှယ်ကပင် တစ်ဂိုးထပ်မံသွင်းယူခဲ့သဖြင့် အမေရိကန်တို့ နှစ်ဂိုးအသာဖြင့် ဦးဆောင်နေခဲ့သည်။ ကိုလံဘီယာတို့ ချေပဂိုးရရှိရေး တန်ပြန်တိုက်စစ်ဆင် ကစားသော်လည်း တိုက်စစ်မှူးများ ကန်ချက်မမှန်မှု၊ ဆန္ဒစောနေမှုကြောင့် ဂိုးမရရှိဘဲဖြစ်နေရာမှ ပွဲချိန် ၆၆မိနစ်တွင် အမေရိကန်တိုက်စစ်မှူးစီလင့်မာသစ်ကတစ်ဂိုးသွင်းယူခဲ့သဖြင့် သုံးဂိုးပြတ် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

ယခုပွဲတွင်အမေရိကန်တို့ အနိုင်ရရှိခြင်းသည် ၁၉၉၄ခုနှစ် နောက်ပိုင်း၌ ကိုလံဘီယာအပေါ် ပထမဆုံးအနိုင်ပွဲရရှိခြင်းပင် ဖြစ်သည်။

အင်တာနက်

မအူပင်အထက(၁) အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၁၂

သတ္တမအကြိမ်မြောက် မအူပင်အထက(၁)၏ သက်ကြီးအာစရိယပူဇော်ပွဲကို ဧပြီ၃ရက်(တနင်္ဂနွေနေ့) နံနက်၁၀နာရီတွင် အထက(၁) ရာပြည့်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသက် ၆၀နှင့်အထက် ဆရာနှင့်ဆရာမကြီးများ အပူဇော်ခံကြွရောက်ကြရန်နှင့် ကျောင်းသားကျောင်းသူများ တက်ရောက် ဂါရဝပြုနိုင်ကြောင်း သိရသည်။

ပူဇော်ပွဲအခမ်းအနားအတွက်လှူဒါန်းလိုသူများသည် ဦးမြစိုး ဖုန်း-၅၂၇၁၈၂၊ ဦးရန်ဝင်း ဖုန်း-၂၄၅၃၂၃၊ ဦးထိုက်စီ ဖုန်း-၂၉၇၈၁၄၊ ဦးထွန်းကြွယ် ဖုန်း-၂၅၆၄၆၁၊ ဦးတင်မြင့်ကျော် ဖုန်း-၀၉-၉၀-၄၂၄၆၆ ရန်ကုန်မြို့သို့လည်းကောင်း၊ ဦးသိန်းမောင် ဖုန်း-၀၄၅-၃၀၃၈၄၊ ဦးလှမြင့်တင် ဖုန်း-၃၀၆၆၉၊ ဦးအောင်ထွေး ဖုန်း-၃၀၃၂၉၊ ဦးကျင်ဝင်း ဖုန်း-၃၀၆၂၄နှင့် ဦးအေးသိန်း ဖုန်း-၃၀၆၂၈ မအူပင်တို့သို့လည်းကောင်း ဆက်သွယ်နိုင်ကြောင်း အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးအကျိုးဆောင်အဖွဲ့က ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။**(က-ပ)**

ပြွန်တန်ဆာ အထက၊ အလက အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၂

ပဲခူးတိုင်း ပြွန်တန်ဆာမြို့ အထက၊အလကကျောင်းသူ ကျောင်းသားဟောင်းများ၏ (၁၂)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲအခမ်းအနားကို ဧပြီ ၃ရက်(တနင်္ဂနွေနေ့)နံနက်၉နာရီတွင် ပြွန်တန်ဆာမြို့ ဘိုးရာဇာခန်းမ၌ ကျင်းပရန် စီစဉ်ထားသည်။

ပြွန်တန်ဆာ အထက၊ အလကတွင် လုပ်သက်အနည်းဆုံး တစ်နှစ်နှင့်အထက် တာဝန်ထမ်းဆောင်ခဲ့၍ အသက် ၆၀ပြည့်ပြီးသော အပူဇော်ခံဆရာကြီး ဆရာမကြီးများသည် အပူဇော်ခံ ကြွရောက်ကြရန်နှင့် ကျောင်းသူ ကျောင်းသားဟောင်းများ ငွေပဒေသာပင် တစ်ခုလျှင် ကျပ် ၅၀၀၀ဖြင့် စိုက်ထူလှူဒါန်းနိုင်သည်။

လှူဒါန်းနိုင်

အခမ်းအနားသို့ တက်ရောက်ပါဝင် လှူဒါန်းလိုသူများသည် ရန်ကုန် ဒေါ်ခင်စောမူ ဖုန်း-၆၆၃၁၇၉၊ ဒေါ်အမာဘီ(မြန်မာ့မီးရထားရုံးချုပ်) ဖုန်း-၂၀၁၅၅၅၊ လိုင်းခွဲ-၄၁၀၊ မန္တလေး ဦးစန်းမောင် ဖုန်း-၀၂-၂၃၅၉၁၊ ပြွန်တန်ဆာမြို့ ဦးတင်ဦး ဖုန်း-၅၆နှင့် ဒေါက်တာခင်မောင်အေး ဖုန်း-၄၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အလုပ်ပေးသတိပဋ္ဌာန် တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၁၂

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ၇/အနောက်ရပ်ကွက်ရှိ အဘယာရာမကျောင်း အာဒိကာရုံတိုက်တွင် ဆရာတော် ဘဒ္ဒန္တသောဘဏ(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဂဏဝါစကဓမ္မာစရိယ)၏အသိဉာဏ်ပေးအလုပ်ပေးသတိပဋ္ဌာန် ခုနစ်ရက်တရားစခန်းကို သတ္တမအကြိမ် ကျင်းပမည်ဖြစ်ရာ ဧပြီ ၄ရက် ညနေ ၄နာရီတွင် တရားစခန်းဖွင့်လှစ်ပြီး ၅ရက်မှ ၁၁ရက်အထိဖြစ်၍ တရားအားထုတ်လိုသော ယောဂီများသည် မတ်၁၅ရက် နောက်ဆုံးထား၍ ဖုန်း-၅၄၇၀၈၀၊ ၅၄၃၀၁၄ တို့သို့ ဆက်သွယ်စာရင်းပေး လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် မတ် ၁၂

တောင်ဥက္ကလာပဂေါက်ကွင်းတွင် မတ် ၁၂ရက် နံနက် ၇နာရီ ၁၀မိနစ်က ဒေါက်တာစိုးမိုးသက် (Shwe Than Lwin Offshore Fishing Vessel Group)သည် ကစားဖော်များဖြစ်ကြသော ဦးဝဏ္ဏအောင်၊ ဦးကောင်းမြတ်လွင်၊ ဦးကျော်မင်းထက်တို့နှင့်အတူ ဂေါက်သီးရိုက်ကစားရာ ကျင်းအမှတ်(၁)ကို ၁၇၁ ကိုက်အကွာမှ Tour Special No. 1 ဘောလုံးကို Taylor Made Iron-5 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။ **(က-ပ)**

အင်အားအနည်းငယ်ရှိမြေငလျင်လှုပ်

ရန်ကုန် မတ် ၁၂

ယနေ့မြန်မာစံတော်ချိန် နံနက် ၁၀နာရီ ၁၅မိနစ် ၅၂စက္ကန့်တွင် မန္တလေး မြေငလျင်စခန်း၏ အနောက်ဘက် မိုင်၃၀ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်းနေရာကို ဗဟိုပြု၍ ရစ်ချ်တာစကေး ၄ဒသမ ၄အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက ယနေ့ ထုတ်ပြန်ကြေညာသည်။

(သတင်းစဉ်)

အက်ဖ်အေဖလားဘောလုံးပြိုင်ပွဲယှဉ်ပြိုင် အာဆင်နယ်အကြိုဗိုလ်လုပွဲတက်ရောက်

ရန်ကုန် မတ် ၁၂

၂၀၀၄-၂၀၀၅ခုနှစ် ဘောလုံးရာသီ အင်္ဂလန်အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ယနေ့ကျင်းပရာ အာဆင်နယ်အသင်းက ဘော်လတန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ အာဆင်နယ်အသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကိုပွဲစပြီးသုံးမိနစ်အကြာတွင် ဖရက်ဒရစ်ယွန်းဘတ်က သွင်းယူပေးသည်။ ဘော်လတန်အသင်းမှ တိုက်စစ်မှူးဒီအော့ဖ် ပွဲစပြီးကိုးမိနစ်အကြာတွင် အနီကတ်ဖြင့် ထုတ်ပယ်ခြင်းခံရသဖြင့် ၁၀ယောက်တည်းဖြင့် ကစားခဲ့ရသည်။ **(မြန်မာ့အလင်း)**

ဓာတ်မှန်၊ နှလုံးချိန်စက်နှင့် မီးစက်လှူဒါန်းပွဲ လက်ပံတန်းမြို့နယ် ခမုံဆိပ်တိုက်နယ်ဆေးရုံ၌ကျင်းပ

လက်ပံတန်း မတ် ၈

ကျန်းမာရေးဝန်ကြီးဌာနသို့ ဓာတ်မှန်၊ နှလုံးချိန်စက်နှင့် မီးစက်ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို မတ်၅ရက် နံနက်၉နာရီက လက်ပံတန်းမြို့နယ် ခမုံဆိပ်တိုက်နယ်ဆေးရုံ၌ ကျင်းပသည်။

အခမ်းအနားတွင်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်ဝင်းနှင့် ခရိုင် ဆရာဝန်ကြီးတို့က အမှာစကားပြော ကြားကြပြီး အလှူရှင် ဒေါက်တာဝင်းထိန်နှင့် အလှူရှင်များက ထာဝရဆေးငွေ ပဒေသာပင်အတွက် ငွေကျပ် ၇၇၉၅၀ ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ် တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက်တိုက်နယ်ဆေးရုံကြီးကြပ်မှုကော်မတီဝင် ဦးလှဖုန်းက ငွေကျပ် ၁၄ သိန်းတန် နှလုံးချိန်စက်၊ ငွေကျပ် ၄၆ သိန်းတန် ဓာတ်မှန်နှင့် ငွေကျပ် ခုနစ်သိန်းခွဲတန် မီးစက်၊ အဆောက်အအုံ အပါအဝင် ပြည်သူများ လှူဒါန်းငွေကျပ် သိန်းတစ်ရာ

တန်ဖိုးရှိ စာရွက်စာတမ်းနှင့်စာရင်းဇယားများအား ဒေါက်တာဝင်းထိန်ထံ လွှဲပြောင်းပေးအပ်ကြောင်းသိရသည်။

(အပေါ်ပုံ)(မြို့နယ်ပြန်/ဆက်)

ကျောက်ပန်းတောင်း အနန္တမေတ္တာစေတီ ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပ

ကျောက်ပန်းတောင်း မတ် ၁

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့ သီရိမင်္ဂလာရပ်ကွက်ရှိ သဲအင်းဂူ ဝိပဿနာကျောင်းတိုက်အတွင်းရှိ အနန္တမေတ္တာစေတီတော်၏ (၁၁)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ ၂၃ရက် (တပို့တွဲလပြည့်နေ့)က ကျင်းပသည်။ (ဝဲပုံ)

အခမ်းအနားတွင် သဲအင်းအရှင်ဓမ္မသာမိ (မဟာကမ္မဋ္ဌာနာစရိယ) ဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူ ဆောက်တည်ကြပြီး လှူဖွယ်ဝတ္ထုအစုစုတို့ကို ရေစက်သွန်းချ အမျှပေးဝေကြသည်။ ထို့နောက် ပင့်သံဃာတော်များအား ဆွမ်းဆန်စိမ်း လောင်းလှူကြသည်။ အနန္တမေတ္တာစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်တွင် ဈေးကွက်သစ်ရပ်နှင့် ဘူတာရပ်ကွက်တို့မှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ ဦးဆောင်၍ တပို့တွဲလပြည့်ထမနဲထိုးပြိုင်ပွဲများစည်ကားစွာကျင်းပကြောင်း သိရသည်။ **(ဗဓ၁)**

ပျဉ်းမနားမြို့ ကရုဏာနာရေးကူညီမှုအသင်း နှစ်ပတ်လည်အစည်းအဝေး၌ မင်္ဂလာရပ်နေ နန်စိန်မုန့်တိုက်ပိုင်ရှင် ဦးသိန်းထွေး၊ ဒေါ်မြစန်းလှမိသားစုက အလှူတော်ငွေကျပ်ငါးသိန်းကို အသင်းဥက္ကဋ္ဌ ဦးလှမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (၁၀၁)

အမြို့မြို့ အနယ်နယ် သတင်းများ

ဆောင်းပါးပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၁

မြတ်ဗုဒ္ဓသာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးနှင့် မဟာဗောဓိမြိုင် ဆရာတော်ကြီး၏ သာသနာပြုလုပ်ငန်းများကို စနစ်တကျ မှတ်တမ်းတင်ရေး ဦးတည်ချက်ဖြင့်ဖွဲ့စည်းသော ဗောဓိမြိုင် ဓမ္မရသစာစုဖြစ်မြောက်ရေးအဖွဲ့မှ နေက္ခမ္မပါရမီဟူသည်မှာ ခေါင်းစဉ်ဖြင့် ဆောင်းပါးပြိုင်ပွဲကျင်းပမည်ဖြစ်ရာ စာမူပေးပို့ရမည့် နောက်ဆုံးရက်ကို မေ ၃၁ ရက်တွင် သတ်မှတ်ထားပြီး ပြိုင်ပွဲဝင် စည်းကမ်းချက်များကို မတ် ၂၄ရက်တွင် ထုတ်ဝေမည့် ဗောဓိမြိုင် ဓမ္မရသစာစု(၃) နှင့် အခြားဂျာနယ်မဂ္ဂဇင်းများတွင် ကြည့်ရှုနိုင်ကြသည်။

အသေးစိတ်အချက်အလက်များကို ဆရာချစ်ဦးညို ဖုန်း-၂၉၉၇၇၃၊ ဦးကျော်ဝင်း ဖုန်း-၅၆၄၉၂၊ ဦးမြင့်ဇော် ဖုန်း-၀၉-၈၀-၂၀၄၂၂ နှင့် ဒေါ်အိအိဆွေ အောင်သုခ ပုံနှိပ်နှင့်စက္ကူရောင်းဝယ်ရေး ၃၂လမ်း (လယ်) ဖုန်း-၃၇၇၉၉၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ကျေးလက်ဒေသဖွံ့ဖြိုးရေး ကျေးရွာချင်းဆက်မြေသားလမ်းဖောက်

မြစ်ကြီးနား ဖေဖော်ဝါရီ ၂၅

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကျေးရွာချင်းဆက်မြေသားလမ်းဖောက်လုပ်လျက်ရှိရာ ဇန်နဝါရီ ၂၅ရက်က ၂၀၀၄-၂၀၀၅ခုဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန်ရှိသည့် အကျဲ-ခေါင်ဖူး(ဖရော-မလဲလမ်းအပိုင်း) လမ်းအရှည် ၂မိုင် ၆ဖာလုံ၊ အကျယ်ပေ၂၀ရှိ မြေသားလမ်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ်၊ စက်၊ ယန္တရားများဖြင့် ဖောက်လုပ်နေမှုကို တာဝန်ခံအင်ဂျင်နီယာမှူး ဦးသိန်းမြင့်က ကြီးကြပ် ဆောင်ရွက်လျက်ရှိရာ **(ဝဲပုံ)** ဖောက်လုပ်ပြီးစီးပါက ဖရော-မလဲကျေးလက်ဒေသ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

ပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်ဆွေးနွေး

သာယာဝတီ မတ် ၅

အဋ္ဌမအကြိမ်မြောက် ပတ်ဝန်းကျင်သန့်ရှင်းမှု ရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးသန်းလွင်၊ သာယာဝတီခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးသောင်းတင်ထွန်း၊ တိုင်းငှက်ဖျားအဖွဲ့ခေါင်းဆောင် ဒေါက်တာ ဦးရန်နိုင်မောင်တို့ပါဝင်သော ကျန်းမာရေးအဖွဲ့သည် မတ်၃ရက်က သာယာဝတီမြို့နယ် စံရွှေးတိုက်နယ် ဆေးရုံတွင် သန့်(၄)သန့် လုပ်ငန်းနှင့်ပတ်သက်၍ ဟောပြောဆွေးနွေးကြသည်။

အခမ်းအနားသို့ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ တိုက်နယ်ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ စခန်းမှူးနှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် ပြည်သူများ တက်ရောက်ဆွေးနွေးကြသည်။ **(က-ပ)**

မိုင်းဖြတ်မြို့၌ ကျောက်ချောခင်းလုပ်ငန်းဆောင်ရွက်

မိုင်းဖြတ် ဖေဖော်ဝါရီ ၁၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းဖြတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မိုင်းဖြတ်မြို့ ဈေးတန်း(ကွက်သစ်)ရပ်ကွက်၊ပုန်းညှက်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မိုင်းဖြတ်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်နှင့် မိုင်းဖြတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးလှမျိုး (အငယ်တန်းအင်ဂျင်နီယာ-၂)တို့ ဖေဖော်ဝါရီ၁၃ရက်ကကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးကြသည်။

အဆိုပါပုန်းညှက်လမ်း အရှည်ပေ ၁၄၀၀၊ အကျယ်၁၂ပေကို မိုင်းဖြတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၁၉ဒသမ ၅သိန်း ဖြင့် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

(နယ်စပ်/စည်ပင်)

ဘားအံမြို့ရေပေးဝေရေး ကွင်းဆင်းစစ်ဆေး

ဘားအံ မတ် ၄

ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးသက်နှင်းဦးနှင့်အဖွဲ့သည် ဘားအံမြို့နယ်အမှုဆောင်အရာရှိ ဦးမျိုးအောင်နှင့် တာဝန်ခံအင်ဂျင်နီယာများလိုက်ပါလျက် ဖေဖော်ဝါရီ ၂၇ရက်က ဘားအံမြို့ရေပေးဝေရေး ဆောင်ရွက်သည့်လုပ်ငန်းဖြစ်သော အမှတ်(၉)ရပ်ကွက် ရေဂါလန်ငါးသောင်းဆံ့ရေစုကန် တည်ဆောက်မှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။

(အပေါ်ပုံ) (မြို့နယ်စည်ပင်)

မအူပင်မြို့မဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြသ

မအူပင် ဖေဖော်ဝါရီ ၂၈

မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ မီးလောင်ဆုံးရှုံးမှုမှ ကာကွယ်နိုင်ရေးအတွက် မြို့မဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့ သရုပ်ပြသလေ့ကျင့်မှုကို ဖေဖော်ဝါရီ၂၀ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် မြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးအေးကြည်တို့ ဦးဆောင်သော မီးသတ်တပ်ဖွဲ့များ စုပေါင်း၍ လက်တွေ့ သရုပ်ပြသလေ့ကျင့်ကြကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

အမှတ် ၁၆ မဟာသုခလမ်း ရေကျော် ပုဇွန်တောင်မြို့နယ်နေ ဦးသန်းမောင်- ဒေါ်နှင်းရီမိသားစုက အလှူငွေကျပ်တစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက်သုဒဿနလမ်း၁၆ / ၂ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌဦးကျော်သူ (ရုပ်ရှင်သရုပ်ဆောင်)က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)



ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပရေး ညှိနှိုင်း

ပြင်ဦးလွင် မတ် ၃

မန္တလေးတိုင်း ပြင်ဦးလွင်မြို့ ဗြဟ္မဝိဟာရ ကံ့ကော် ၁၀၀၀ ဆရာတော်နှင့် မုံရွာမြို့ဗောဓိ ၁၀၀၀ ဆရာတော်တို့ကြီးမှူးသော ဗြဟ္မဝိဟာရ ကုန်းတော်မြေ မြိုင်နန်းရှိ မြမဥ္ဇူလေးဆူရှင်ဖြစ်သော ဇေယျမုနိ**(ဝဲပုံ)**၊ အဘယမုနိ၊ ဓမ္မစက္ကမုနိ၊လာဘမုနိဘုရားကြီးလေးဆူအား(၆)ကြိမ်မြောက် ဗုဒ္ဓ ပူဇနိယပွဲတော်ကျင်းပနိုင်ရေးအတွက် ကြိုတင်ညှိနှိုင်း အစည်းအဝေးကို ဖေဖော်ဝါရီ၂၇ရက် မွန်းလွဲ ၁ နာရီက ရွှေကျီးသာ ဓမ္မဗိမာန်ဆွမ်းစားကျောင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ပဓာန နာယက ဘဒ္ဒန္တ အဂ္ဂဝံသက သြဝါဒ တရားတော် ဟောကြားတော်မူပြီး ဆရာတော်ဦးသုဇာတ၊ ဆရာတော်ဦးပညာတို့က ဗုဒ္ဓပူဇနိယပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် အစီအစဉ်များ ဖတ်ကြားသည်။ ထို့နောက်တပေါင်းလပြည့်နေ့တွင် ဗုဒ္ဓပူဇနိယ ပွဲတော် ကျင်းပရန်နှင့် နှစ်ထပ် ဓမ္မကျောင်းဆောင်ကြီး ဆောက်လုပ်ရန်အတွက် တပေါင်းလပြည့်နေ့တွင် ပန္နက်ရိုက်ရန် ဆုံးဖြတ်ကြကြောင်း သိရသည်။ **(က–ပ)**

သန်လျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား ဝတ်စုံပေးအပ်ပွဲကို ဇန်နဝါရီ ၃၁ ရက်က မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဒုတိယဦးစီးဌာနမှူး ဦးမြင့်ဇော်က ဝန်ထမ်းများအား ဝတ်စုံပေးအပ်စဉ်။ (ခရိုင် ပြန်/ဆက်)

ကလေးများနေ့အထိမ်းအမှတ် တီးတိန်မြို့၌ကျင်းပ

တီးတိန် ဖေဖော်ဝါရီ ၂၈

ချင်းပြည်နယ် တီးတိန်မြို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပံ့ပိုးမှုဖြင့် လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်း တာဝန်ခံကျောင်းအုပ်ဆရာမ ဒေါ်နိတ်တိမ်လျန်းက ကြီးမှူး၍ ဖေဖော်ဝါရီ၁၃ ရက်က ကလေးများနေ့ အထိမ်းအမှတ် အခမ်းအနားကို အဆိုပါ ကျောင်းအားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ဆရာမ ဒေါ်မန်ငိုက်လျန်းက ဆောင်ရွက်ပြီး ရင်သွေးငယ်များက ချစ်စရာ့အရွယ် ကစားကြမယ် အစီအစဉ်၊ ကာယစွမ်းရည်ပြိုင်ပွဲ**(ဝဲပုံ)**နှင့် ဆုချီးမြှင့်ပွဲများကို ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်ညိုနှင့် အဖွဲ့ဝင်များက ဆုများပေးအပ် ချီးမြှင့်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

(၈၅)ကြိမ်မြောက်သွေးလှူ



ရန်ကုန် မတ် ၈

စစ်ကိုင်းတိုင်း မုံရွာခရိုင် ပုလဲ မြို့နယ် ပုပ္ပားကျေးရွာ နယ်လှည့် သာသနာပြု(လူမှုထူးချွန် ပထမဆင့်) မိုးကုတ် ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ မော်လမြိုင် တောင်ဝိုင်း ဓမ္မရက္ခိတ ဆရာတော်ချင်းတွင်း အရှင်ကလျာဏ **(အပေါ်ပုံ)**သည် မော်လမြိုင်မြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်တွင် ဒီဇင်ဘာ ၃၀ ရက်က (၈၅)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က–ပ)**

မြင်းခြံမြို့၌ ကတ္တရာလမ်းဖွင့်

မြင်းခြံ မတ် ၁၂

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မန္တလေးတိုင်း မြင်းခြံမြို့နယ် အထက် မြို့ပတ်လမ်း ကတ္တရာလမ်း ဖွင့်ပွဲအခမ်းအနားကို ယင်းလမ်းထိပ် မုခ်ဦး၌ မတ် ၉ရက် နံနက် ၈နာရီက ကျင်းပသည်။

ကတ္တရာလမ်းကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းဝင်း၊ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်နှင့် ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်ဇံတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ကတ္တရာလမ်းသည် အရှည်ပေ ၄၂၅၀၊ အကျယ် ၂၄ ပေရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမြို့မြို့ အနယ်နယ် သတင်းများ



အထက(၁)သန်လျင် အာစရိယပူဇော်ပွဲကျင်းပမည်

၁၉၅၃ခုနှစ်မှ ၂၀၀၄ခုနှစ်အတွင်း အထက(၁) သန်လျင်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အသက် (၆၀)ပြည့်ပြီးသော ဆရာ၊ ဆရာမကြီးများအား အကြိမ်(၂၀)မြောက် အာစရိယ ပူဇော်ပွဲကို မတ်လ ၂၆ရက်(စနေနေ့) နံနက် ၈း၀၀နာရီတွင် အထက(၁)သန်လျင် ပတ္တမြား ခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ ဆရာ၊ဆရာမကြီးများအားလုံး တက်ရောက်ပူဇော်ခံကြရန်နှင့် ရပ်ဝေးရပ်နီးမှ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားနိုးဆော်အပ်ပါသည်။

လှူဒါန်းနိုင်ရန်

ကျောင်းသား ကျောင်းသူဟောင်းများသည်

ဦးရန်အောင် – ဖုန်း– ၀၁– ၅၄၀၉၆၀
ဦးသက်လွင်တိုး – ဖုန်း– ၀၉–၅၀၀– ၀၂၀၅
ဦးကြည်မင်း – ဖုန်း– ၀၉– ၈၀– ၂၄၂၁၅
ဒေါ်စမ်းဝင်း – ဖုန်း– ၀၅၆– ၂၁၁၅၈နှင့်

ဒေါ်အုန်းရီ အထက (၁) သန်လျင်တို့ထံ အလှူငွေများ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးနိုးဆော်အပ်ပါသည်။

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)

ရန်ကုန်အရှေ့ပိုင်းခရိုင်ရုံး၊ ၂၀၀၄–ခုနှစ် တရားမဇာရီမှု အမှတ်–၄၁

သမဝါယမဘဏ်လီမိတက် (ငင်း၏မန်နေဂျာ–ဒေါ်ညွန့်ရီ) — (၁)ဦးအောင်သာ၊ (၂)ဒေါ်သောင်းမေ အမှတ်(၇၃၁/က)၊အောင်သစ္စာ(၇)လမ်း **နှင့်** (၄/တောင်ရပ်ကွက်)သာကေတမြို့နယ် ရန်ကုန်မြို့။

(တရားနိုင်) (တရားရှုံး)

၂၀၀၀ ပြည့်နှစ်၊ တရားမကြီးအမှုအမှတ်(၁၅၄)တွင် ရရှိခဲ့သောဒီကရီအရ အောက်ဖော်ပြပါ ပစ္စည်းကို ၂၀၀၅ ခုနှစ်၊ ဧပြီလ (၂၀) ရက်၊ နံနက်(၁၀)အချိန်ခန့်တွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချမည်ဖြစ်သည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

ရန်ကုန်မြို့ သာကေတမြို့နယ်၊ အောင်သစ္စာ(၇)လမ်း မြေတိုင်းရပ်ကွက် အမှတ်(၄)၊ မြေကွက်အမှတ်(၇၃၁/က) အကျယ်(ပေ ၂၀ x ပေ ၆၀)ကျယ်ဝန်းသော နှစ်(၆၀)ဂရန်မြေ အမျိုးအစား မြေနှင့်ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော တိုက်ခံသွပ်မိုးနှစ်ထပ်အဆောက်အအုံ(လျှပ်စစ်မီးတပ်ဆင်ပြီး) အကျိုးခံစားခွင့်အရပ်ရပ်အားလုံး အဆိုပါနေအိမ်တွင် တရားရှုံးများကိုယ်တိုင် နေထိုင်လျက်ရှိသည်။ ရောင်းချမည့်တန်ဖိုးမှာ ကြမ်းခင်းဈေး ကျပ်သိန်း(၄၀) ဖြစ်ပါသည်။

လေလံစည်းကမ်းချက်များ

(၁) စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာကို မှားယွင်းခြင်း၊ ကွင်းကျန်ခြင်း၊ တစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။

(၂) လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည် ဖြစ်သည်။

(၃) လေလံစည်းကမ်းချက်များကို ရောင်းချသူအရာရှိထံ ရောင်းချမည့်နေ့ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

(၄) မရွှေ့၊ မပြောင်းနိုင်သည့်ပစ္စည်းဖြစ်သည့်အချက်တွင် လေလံဆွဲဝယ်ယူသူအဖြစ် ပြဋ္ဌာန်းခြင်းခံရသူမှာ ရောင်းချသူအရာရှိထံသို့ ဝယ်ယူငွေတစ်ရာလျှင် နှစ်ဆယ့်ငါးကျပ်ကျသည့်ကဲ့သို့ ပြဋ္ဌာန်းပြီးသည်နှင့်တစ်ပြိုင်နက်ပေးသွင်းရမည်။ သည်ကဲ့သို့ပေးသွင်းခြင်းမပြု၊ ပျက်ကွက်ခဲ့လျှင် ပစ္စည်းကိုတစ်ဖန်ပြန်၍ လေလံတင် ရောင်းချလိမ့်မည်။

(၅) လေလံဆွဲဝယ်သည့်ငွေအားလုံးကို ဆွဲဝယ်သူကပစ္စည်းရောင်းချသည့်နေ့ကို ပယ်၍ ပစ္စည်းရောင်း ပြီးနောက်(၁၅)ရက်မြောက်နေ့တွင် ရုံးမဆင်းမီပေးဆောင်ရမည်။ ၎င်းနေ့မှာ ရုံးပိတ်ရက်နေ့ဖြစ်လျှင် ရုံးပြန်ဖွင့်သည့်နေ့တွင် ပေးဆောင်ရမည်။

(၆) အထက်တွင် ခွင့်ပြုသည့်အချိန်ကာလအတွင်း ဆွဲဝယ်ရာတွင် ကျန်ငွေကိုမပေးမဆောင် ပျက်ကွက်ခဲ့လျှင် ရောင်းချရန်ကြော်ငြာစာကို အသစ်ထုတ်ပြီးနောက် ၎င်းပစ္စည်းကို တစ်ဖန်ပြန်၍ ရောင်းချလိမ့်မည်။ တင်ထားသည့်ငွေကြေးကိုလည်း ရောင်းချသည့်အတွက် စရိတ်များကိုပေးပြီးနောက် တရားရုံးကသင့်သည်ထင်မြင်ခဲ့လျှင် အစိုးရသို့ဆုံးရှုံးခံစေ၍ ငွေမပေးမဆောင်ပျက်ကွက်သူမှာ ၎င်းပစ္စည်းကိုဖြစ်စေ၊ ရောင်းချရသည့်အတွက် ငွေတစ်စိတ်တစ်ဒေသ ဖြစ်စေ ဆိုင်ရဆိုင်ခွင့်မှ ဆုံးရှုံးစေရမည်။

၂၀၀၅ ခုနှစ်၊ မတ်လ ၈ ရက်နေ့တွင် ဤတရားရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

ဒေါ်တင်မြ (တ/ ၁၅၇၅)
ဒုတိယခရိုင်တရားသူကြီး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန B.Tech အောင်မြင်ပြီးသူများအား သရုပ်ပြဝန်ထမ်းနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန စက်မှုနှင့် သက်မွေးပညာဦးစီးဌာန လက်အောက်ရှိ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများတွင် လစ်လပ်လျက်ရှိသော သရုပ်ပြ လစာနှုန်း (၅၄၀၀ိ–၁၀၀ိ–၅၉၀၀ိ) ရာထူးနေရာများအတွက် B.Techဘွဲ့ရရှိပြီးသူများ လျှောက်ထားနိုင်သည်။

၂။ အဆိုပါ ရာထူးနေရာအတွက် အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်–

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) လျှောက်ထားသူသည် ကျန်းမာသန်စွမ်းသူဖြစ်ပြီး ၁–၄–၂၀၀၅ ရက်နေ့တွင် အသက် (၂၈) နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(ဂ) ဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။ ဝန်ထမ်းစာချုပ် ချုပ်ဆိုရမည်။

၃။ လျှောက်ထားသူများသည် အောက်ပါစာရွက်စာတမ်းများကို နီးစပ်ရာ အစိုးရနည်းပညာ ကောလိပ် ကျောင်းအုပ်ကြီးများထံ ပူးတွဲပေးပို့တင်ပြရမည်–

(က) ကိုယ်ရေးအကျဉ်း
(ခ) အောင်လက်မှတ်/ဘွဲ့လက်မှတ်(မိတ္တူ)
(ဂ) မှတ်ပုံတင်မိတ္တူ
(ဃ) ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံကတိပြုစာ၊
(င) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရဲစခန်း ထောက်ခံချက်
(စ) ပတ်စပို့အရွယ် ဓာတ်ပုံ (၃)ပုံ။

၄။ အသေးစိတ်သိလိုပါက သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီးရုံး (ရုံးအဖွဲ့မှူး) ဖုန်း–၀၁–၆၆၄၈၀၉၊ ၀၁–၆၅၃၂၁၄ နှင့် နီးစပ်ရာ အစိုးရနည်းပညာကောလိပ်ကျောင်းအုပ်ကြီးများထံ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန သရုပ်ပြဝန်ထမ်းနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန လက်အောက်ရှိ တက္ကသိုလ်/ကောလိပ်/သိပ္ပံကျောင်းများတွင် လစ်လပ်လျက်ရှိသော သရုပ်ပြ(သင်ကြားရေး)၊ လစာနှုန်း(၅၄၀၀ိ–၁၀၀ိ–၅၉၀၀ိ) ဝန်ထမ်းနေရာများအတွက် လျှောက်လွှာများ အလိုရှိပါသည်။

၂။ အဆိုပါရာထူးနေရာအတွက် အောက်ပါ အရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်–

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) M.Sc.(Physics, Maths, Chemistry) (သို့မဟုတ်) M.S .(Physics, Maths Chemistry) (သို့မဟုတ်) B.Sc. Hons. (Physics, Math, Chemistry) ဘွဲ့တစ်ခုခု ရရှိပြီးသူဖြစ်ရမည်။
(ဂ) လျှောက်ထားသူများသည် ကျန်းမာသန်စွမ်းသူဖြစ်ပြီး ၃၁–၃–၂၀၀၅ ရက်နေ့တွင် အသက်(၃၀)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။
(ဃ) ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ ဝန်ထမ်းစာချုပ် ချုပ်ဆိုရမည်။

၃။ လျှောက်ထားလိုသူများသည် ကိုယ်ရေးအကျဉ်း၊ ပတ်စပို့အရွယ်ဓာတ်ပုံ (၃)ပုံ၊ အခြေခံပညာအထက်တန်း အောင်လက်မှတ်မိတ္တူ၊ဘွဲ့လက်မှတ်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရဲစခန်း၏ ထောက်ခံချက်၊ မှတ်ပုံတင်မိတ္တူတို့နှင့်အတူ နီးစပ်ရာအစိုးရနည်းပညာကောလိပ် ကျောင်းအုပ်ကြီးများထံသို့ ၃၁–၃–၂၀၀၅ ရက်နေ့ အရောက်ပေးပို့လျှောက်ထားရမည်။

၄။ အလုပ်ခန့်အပ်ခြင်းခံရသူများထဲမှ Ph.D. (Plan A) နှင့် M.S. (Physics, Maths, Chemistry) သင်တန်းများသို့ တက်ရောက်လိုလျှင် အင်္ဂလိပ်စာနှင့်သက်ဆိုင်ရာ ဘာသာရပ် နှစ်ရပ်စလုံးအရည်အချင်းစစ်စာမေးပွဲ ဝင်ရောက်ဖြေဆိုရမည်။

၅။ M.Sc. (Physics, Maths, Chemistry) နှင့် M.S. (Physics, Maths,Chemistry) ဘွဲ့ရရှိသူများထဲမှ အရည်အချင်းစစ်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်သူများအား ဝန်ထမ်း သင်တန်းသားအဖြစ် Ph.D. (Plan A) သင်တန်းသို့ တက်ရောက်ခွင့်ပြုမည်။

၆။ B.Sc. Hons (Physics, Maths, Chemistry) ဘွဲ့ရရှိသူများထဲမှ အရည်အချင်းစစ်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်သူများအား ဝန်ထမ်း သင်တန်းသားအဖြစ် M.S.(Physics, Maths, Chemistry) သင်တန်းသို့ တက်ရောက်ခွင့်ပြုမည်။

၇။ အသေးစိတ်သိလိုပါက သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီးရုံး (ရုံးအဖွဲ့မှူး) ဖုန်း – ၀၁–၆၆၄၈၀၉၊၀၁–၆၅၃၂၁၄ နှင့် နီးစပ်ရာအစိုးရ နည်းပညာကောလိပ်ကျောင်းအုပ်ကြီးများထံ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အမြန်အလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

၁။ Sales & Marketing For Tours ကျား/မ (၁)ဦး
၂။ On Call Guide ဘာသာစုံ
၃။ Driver ကျား(၂)ဦး
၄။ Machenic ကျား(၂)ဦး
၅။ ကားပစ္စည်း အရောင်းကျွမ်းကျင်သူ ကျား/မ(၂)ဦး
၆။ Manager ကျား/မ(၁)ဦး
၇။ Assistant Accountant မ(၁)ဦး

အမှတ်စဉ်(၃)နှင့်(၄)အတွက် ကားကြီး ကားလေး ကျွမ်းကျင်စွာ မောင်းနိုင်သူနှင့် စက်ပိုင်းဆိုင်ရာ နားလည်တတ်ကျွမ်းမှု အမှတ်စဉ်(၅)အတွက် လုပ်သက်အနည်းဆုံး (၂)နှစ်ရှိသူ၊ အမှတ်စဉ်(၆)အတွက် စာရင်းအခြေခံနှင့် Management ကျွမ်းကျင်သူ၊ အမှတ်စဉ်(၇)အတွက် စာရင်းအင်းနှင့် ကွန်ပျူတာကျွမ်းကျင်သူ ဦးစားပေးမည်။

ကြော်ငြာပါသည့်နေ့မှစ၍ အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့်အတူ တစ်ပတ်အတွင်း လျှောက်ထားပါရန်။

ဆက်သွယ်ရန်–တိုက် ၁၂(က)၊ ပထမထပ်၊ အနော်ရထာအိမ်ရာ၊ ပြည်လမ်း၊ လှည်းတန်းမီးပွိုင့်အနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ကွာရှင်းပြတ်စဲပြီးစီးခြင်း

မြိတ်မြို့၊ ကန်သောင်ရိုးရပ်နေ ကျွန်မ ဒေါ်ခင်ကြည် ၆/မအန(နိုင်) ၀၀၁၈၉၄ နှင့် ဦးစိန်ဝင်း ၆/မအန(နိုင်) ၀၀၂၁၃၄တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်တော့ပါသဖြင့် ၃–၃–၂၀၀၅ ရက်တွင် ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း။

ဒေါ်ခင်ကြည်
၆/မအန(နိုင်)၀၀၁၈၉၄။

နိုင်ငံတော်အပိုင်းက ပြည့်ဆည်းလုပ်ကိုင်ပေးမှုများအပေါ်အခြေခံပြီး ဒေသခံပြည်သူများက မိမိဒေသ မိမိတို့လူနေမှုဘဝမြင့်မားရေး ရှာဖွေကြံဆကြိုးစား

❒ ရှေ့ဖုံးမှ

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များအား ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းမှ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ ဒုတိယဝန်ကြီးဦးမျိုးမြင့်က ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း၏ တည်နေရာ၊ စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ စီမံကိန်းဧရိယာပတ်ဝန်းကျင်မှ တည်ဆောက်ရေးလုပ်ငန်းသုံး သဲ၊ ကျောက်များရရှိမှု၊ ဇုန်အမျိုးအစားတမံ(Zoned Type Dam)တည်ဆောက်ရာတွင် ငွေကြေးနှင့်တည်ဆောက်ရေးအချိန်ကာလ သက်သာမှုရှိစေမည့် တမံပုံစံထုတ်တည်ဆောက်နိုင်ခဲ့မှု၊ တမံစိမ့်ရေတားကွန်ကရစ်နံရံ (Diaphragm Wall) တည်ဆောက်ခြင်းလုပ်ငန်းအပါအဝင် စီမံကိန်းလုပ်ငန်းများ စာမျက်နှာ ၈ ကော်လံ ၁ ✻

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ပဲခူးတိုင်း ရွှေကျင်မြို့ ဒေသခံတပ်ရင်း မြဝတီခန်းမ၌ ရွှေကျင်တပ်နယ်ရှိ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများနှင့် မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။

(သတင်းစဉ်)

တည်ဆောက်ပြီး ရေအားလျှပ်စစ်စီမံကိန်း

စစ်တောင်းမြစ်ဝှမ်းဒေသ ရေအားလျှပ်စစ်စီမံကိန်းများကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်း ဇောင်းတူ ရေအားလျှပ်စစ်စီမံကိန်းမှာ တည်ဆောက်ပြီးစီးသည့် စီမံကိန်းတစ်ခု ဖြစ်သည်။

တည်ဆောက်ဆဲ ရေအားလျှပ်စစ်စီမံကိန်းများ

တည်ဆောက်ဆဲ စီမံကိန်းများတွင် ဤရွှေကျင်ရေအားလျှပ်စစ် စီမံကိန်းပါရှိပြီး ပဲခူးတိုင်း၌ ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်း၊ ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်း၊ ခပေါင်းရေအားလျှပ်စစ်စီမံကိန်း၊ ရဲနွယ်ရေအားလျှပ်စစ်စီမံကိန်း၊ ပသိရေအားလျှပ်စစ်စီမံကိန်း၊ မွန်လေးတိုင်း၌ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းနှင့် အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းတို့မှာ ဆောင်ရွက်ဆဲစီမံကိန်းများဖြစ်သည်။

ဆက်လက်တည်ဆောက်သွားမည့် ရေအားလျှပ်စစ်စီမံကိန်းများ

စစ်တောင်းမြစ်ဝှမ်းဒေသ၌ ဆက်လက်တည်ဆောက်သွားမည့် ရေအားလျှပ်စစ်စီမံကိန်းများမှာ ပဲခူးတိုင်း၌သောက်ရေခပ်နှင့်ဘောဂထ ရေအားလျှပ်စစ်စီမံကိန်းနှစ်ခုနှင့် မွန္တလေးတိုင်း၌ နမ်ချို ရေအားလျှပ်စစ်စီမံကိန်းတို့ဖြစ်သည်။

မြန်မာ့အလင်း

ခေါင်းကြီး အညွှန်း

အနာဂတ် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် အခြေခံမူများ ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ထောက်ခံအားပေးမှုနှင့်အတူ ညီလာခံကိုယ်စားလှယ်တော်ကြီးများ၏ တက်ညီလက်ညီ ပါဝင်ပူးပေါင်း ဆောင်ရွက်မှုဖြင့် အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပနိုင်မည်ဟု ယုံကြည်။

ခေါင်းကြီး(စာ-၂)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး